# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၅)






ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်ပေါ်သို့ ပင့်ဆောင်ကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပရိသတ်များက နောက်ဆုံးတောင်းပန်ကန်တော့ကာ ဖူးမြော်ကြည်ညိုကြစဉ်။

## ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ အန္တိမဈာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိ သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အန္တိမဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ မစိုးရိမ်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဋ္ဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။



ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ ရုပ်ကလာပ်တော်တင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်၏ဝဲယာမှ ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများ လိုက်ပါပို့ဆောင်ကြစဉ်။

ထို့နောက် အခမ်းအနားမှူးက ပါဠိဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂတရား ဖြစ်ပွားတော်မူကြောင်း မှတ်တမ်းသဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ မစိုးရိမ်ဆရာတော်ကြီးက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့မှ ပေးပို့သည့် သံဝေဂတရား ဖြစ်ပွားတော်မူကြောင်း မှတ်တမ်းသဝဏ်လွှာကို နေပြည်တော်တိုင်း

*စာမျက်နှာ ၃ ကော်လံ ၁* ✻


ယနေ့ ဖတ်စရာ

မဟာသကြ္ကန် — ဆောင်းပါး — စာ ၆

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း — ပြည်တွင်းသတင်း — စာ ၁၆

စိုက်ပျိုးရေးအင်အားဖြင့် နိုင်ငံတော်စီးပွားကို မြှင့်တင်ခြင်းနှင့် သဘာဝမြေသြဇာအသုံးချမှု ကဏ္ဍသစ်ဆီသို့ … — ဆောင်းပါး — စာ ၁၇





ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မဇေယျုကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သံဃာတော် အရှင်သူမြတ်များက အဂ္ဂိစျာပနတေဇောဓာတ်ဖြင့် ပူဇော်ကြစဉ်။

** ရှေ့ဖုံးမှ*

သံဃနာယကအဖွဲ့အကျိုးဆောင်၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိသာရက ဖတ်ကြားပူဇော်ပြီး သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဖတ်ကြားပူဇော်သည်။

**ဓမ္မသံဝေဂဂါထာဖတ်ကြားပူဇော်**

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပျဉ်းမနားမြို့၊ မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိဿ က ဓမ္မသံဝေဂဂါထာကို ဖတ်ကြားပူဇော်ပြီး အနုပညာဦးစီးဌာနက သီဂီ သံဖြင့် သီကျူးပူဇော်သည်။

**ဓမ္မသံဝေဂကထာ တရားနာကြား**

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက မစိုးရိမ်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မစိုးရိမ်ဆရာတော်ကြီးထံမှ ဓမ္မသံဝေဂကထာ တရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပါဠိတိုက်အုပ်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် နောက်ဆုံး တောင်းပန်ကန်တော့လွှာကို ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများကို တိုင်ကြားပေး၍ ပါဠိဆရာတော်ကြီးအား နောက်ဆုံး တောင်းပန်ကန်တော့ကြသည်။

**တောင်းပန်လျှောက်ထား**

ထို့နောက် အခမ်းအနားမှူးက ပါဠိဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစနနိ မန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ရန်အတွက် ဆရာတော်ကြီး၏ ပုံတော်နှင့် ရုပ်ကလာပ်တော်အား တပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများက သတ်မှတ်နေရာအသီးသီးမှ ကရဝိက်ယာဉ်တော်ပေါ်အထိ ပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ ဥပ္ပါတသန္တိစေတီတော် တပေါင်းပွဲတော်ကွင်းသို့ ပင့်ဆောင်ကြသည်။

**ခြံရံပို့ဆောင်**

ထိုသို့ ပင့်ဆောင်ရာတွင် ဆရာတော်ကြီး၏ ပုံတော်နှင့်ရုပ်ကလာပ်တော်ကို တင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်အား ဆရာတော်ကြီးများ၏ ယာဉ်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ယာဉ်များ၊ ကရဝိက်ယာဉ်တော်၏ ရှေ့တွင် သာသနာ့အလံကိုင်ဥပါသကာများနှင့် ကြေးစည်ကိုင်ဥပါသကာများ၊ သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ လိုက်ပါ၍ ကရဝိက်ယာဉ်တော်၏ ဝဲ၊ ယာတွင်လည်း ဒါယကာ ဒါယိကာမများ၊ ဒေသခံပြည်သူများက ပင့်ဆောင်ပူဇော်ကြသည်။ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက်တွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ပြည်သူလူထုအပေါင်းတို့က လိုက်ပါခြံရံ၍ ပို့ဆောင်တော်မူကြသည်။

ယင်းနောက် အန္တိမစျာပနပူဇာသဘင် ဆင်ယင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးက ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစနနိ မန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ တပည့်သံဃာတော် ၁၂ ပါးတို့က စတင်ပင့်ဆောင်ကြပြီး ဆွေတော်မျိုးတော်များနှင့် စျာပန ကျင်းပရေးကော်မတီဝင်များက မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးမြို့၊မစိုးရိမ်တိုက်သစ် တတိယမဟာနာယက၊ ဓမ္မာဓိပတိကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တက္ကန္တကာလင်္ကာရာဘိဝံသက နောက်ဆုံး တောင်းပန်ကန်တော့လွှာကို ဒုတိယသမ္မတနှင့် ပရိသတ်များအား တိုင်ကြားပေး၍ နောက်ဆုံး တောင်းပန်ကန်တော့ကာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

**တေဇောဓာတ်ဖြင့်ပူဇော်**

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာဝတသင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြပြီးနောက် တပည့်သံဃာတော်များက ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပနတေဇောဓာတ်ဖြင့် ပူဇော်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မဇေယျုကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး၏ သရီရဓာတု ပဝါဟနပူဇာဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနားကို ပေါင်းလောင်းမြစ်ဆိပ်၌ ဧပြီ ၁၃ ရက် (တနင်္လာနေ့) နံနက် ၆ နာရီခွဲတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မဇေယျုကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပြည်ထောင်စုဝန်ကြီးများက ကရဝိက်ယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြစဉ်။



ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မဇေယျုကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီး၏ ပုံတော်နှင့် ရုပ်ကလာပ်တော်အား တပ်မတော်မှအဆင့်မြင့်အရာရှိကြီးများက ကရဝိက်ယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြစဉ်။

# နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(၇၉ နှစ်၊ ၅၉ ဝါ)မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၅-၂၀၂၆ ) (ကြာသပတေးနေ့)၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) ၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ခမည်းတော် ဦးပေါ်အေး - မယ်တော် ဒေါ်ဖွားရှင်တို့က ၁၃၀၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မဟာထေရ်အား ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက် ခဏ္ဍသိမ်၌ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်အား ဥပဇ္ဈာယ်ပြုတော်မူလျက် တောင်ကြီးမြို့ မင်္ဂလာဦး ရပ်ကွက်နေ ရဟန်းဒါယကာ ဦးလှဝင်း - ရဟန်းဒါယိကာမ ဒေါ်လှဝင်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ၊ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ လာဘာဝတ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ နာယကာဘိဝံသ အစရှိသော မစိုးရိမ်နာယကဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးမှ စာချနာယက ဆရာတော်များ၊ မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် အစရှိသော ဆရာတော်များထံ၌ စာပေသင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ဒုတိယအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အကျိုးဆောင်၊ စတုတ္ထအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဉ္စမအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အဖြစ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များ၊ နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်တည်ထားရာ၌ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သတ္တသတ္တာဟ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ ပျဉ်းမနားမြို့၊ သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးနှင့် ဘုရားကိုးဆူစေတီတော်မြတ်ကြီးတို့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော် ပျဉ်းမနားမြို့၌ ဓမ္မာစရိယ စာဖြေဌာနနှင့် နိကာယ်စာဖြေဌာနများ ဖြစ်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပြီး စာမေးပွဲဆိုင်ရာကိစ္စများ၌ နိကာယ် စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် ယဉ်ကျေးမှုစာမေးပွဲများ၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးဆိုင်ရာတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၅-၂၀၂၆) ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ

**နေပြည်တော် မေ ၁၂**

ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ ၂၀၂၆ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးရုံးရှေ့၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ သင်္ကြန်ရေပက်ဖျန်းခြင်း အလေ့အထနှင့် နှစ်ဟောင်းမှအညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့်ပက်ဖျန်းခြင်းဖြင့် စိတ်ကြည်လင်လန်းဆန်းအေးမြစေရန် ဖြစ်ကြောင်း၊ နှစ်သစ်တွင် ပျော်ရွှင်ကျန်းမာကြပါစေကြောင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် နိုင်ငံ့တာဝန်၊ မိသားစုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် မြန်မာနိုင်ငံသားအားလုံးလည်း ဘေးအန္တရာယ်အပေါင်းမှကင်းဝေးပြီး ချမ်းသာသုခနှင့်ပြည့်စုံကြပါစေကြောင်း နှစ်သစ်ဦးမင်္ဂလာစကား ပြောကြားသည်။





ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဝန်ကြီးရုံး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များကလည်း နှစ်သစ်အတွက် ဆုတောင်းစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများကို စတုဒိသာကျွေးမွေးနေမှုများ၊ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ ၁၀ ဦး ယိမ်းအဖွဲ့၊ ၁၆ ဦး ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးရုံး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပဝဲ့ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အတွက် စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်



**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးနှင့် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအားတွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့မှုနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများသည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များတွင်ပါရှိသည့်အချက်အလက်များအား သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက်စုစည်း၍ ဆောင်ရွက်မည့် အခြေအနေနှင့် တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေတို့အား စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်တာဝန်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရာထမ်းများ၊ အမှုထမ်းများအနေဖြင့် ယခင်ကနည်းတူ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ စက်မှုဝန်ကြီးဌာနအား စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအား စနစ်တကျပြင်ဆင်ရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့သဖြင့် MSME များ၏ အခန်းကဏ္ဍသည် ကျယ်ပြန့်လာပြီး လုပ်ငန်းတာဝန်များကို ယခင်ကထက် ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်ရန် အခြေပြုခြင်းဖြစ်၍ အားသွန်ခွန်စိုက်ဖြင့် အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခင်က ဝန်ကြီးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့်ဘွိုင်လာအသုံးပြုသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးနှင့် စွမ်းအားပြည့်လည်ပတ်အသုံးပြုနိုင်ရေးတို့အတွက် ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ကြိုတင်အစီအမံများရေးဆွဲဆောင်ရွက်**

ပြည်သူများအတွက် လိုအပ်သော အခြေခံဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဘိလပ်မြေများ၊ အသုံးအဆောင်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ဝင်ပစ္စည်းများဖြစ်စေရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ၊ စက်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ နည်းစဉ်၊ အရည်အသွေး စသည်တို့ ပြည့်စုံရမည်ဖြစ်သဖြင့် ကြိုတင်အစီအမံများ ရေးဆွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အတွက် စက်အရန် ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် ယခုဘဏ္ဍာရေးနှစ် အစမှပင် ဝယ်ယူမည့် အစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် စက်ရုံ၊ အလုပ်ရုံများအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ ဆောင်ရွက်ဆဲစီမံကိန်းနှစ်ခုအား သတ်မှတ်အချိန်ဇယားများအတိုင်း ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများပြီးစီးမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်၍ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မဏ္ဍပ်များတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မကွေး ဧပြီ ၁၂**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းကမကွေးမြို့ကမ်းနားလမ်း တစ်လျှောက်၊ ကျောက်သား ဥယျာဉ်အနီး၌ ဗဟိုမဏ္ဍပ်များ၊ ဝန်ကြီးဌာန မဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်အတာသင်္ကြန် ကျင်းပမည့်နေရာများနှင့် စတုဒိသာကျွေးမွေးမည့် နေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာနမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဟာသင်္ကြန်ပွဲတော်ကို အနှစ်သာရရှိစွာ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ လမ်းလျှောက်သင်္ကြန်၌ စက်သုံးဆီချွေတာသည့်အနေဖြင့် ဧရာဝတီမြစ်အတွင်းမှ ဆိုလာစနစ်ဖြင့် ရေစုပ်ယူပြီး အသုံးပြုနိုင်ရေးနှင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ နေ့စဉ်စတုဒိသာများ ကျွေးမွေးလှူဒါန်းနိုင်ရေး၊ သန့်ရှင်းသောရေလုံလောက်စွာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သင်္ကြန်ပွဲတော် ကာလအတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို အထူးဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာလမ်းလျှောက် မဟာသင်္ကြန်ပွဲတော်တွင် ဌာနဆိုင်ရာအသီးသီးနှင့် ရက်ကွက်အသီးသီးမှ ယိမ်းအဖွဲ့ ၁၉ ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၂**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

❊ ကျော်ဖုံးမှ

နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မဟာသင်္ကြန်

သဒ္ဓမ္မဇောတိကဓဇ ဦးရန်နိုင်သိန်း
အဖွဲ့ဝင်၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့

**“ မဟာသင်္ကြန်ကာလများဖြစ်သည့် သင်္ကြန်အကျနေ့ရက်၊ သင်္ကြန်အကြတ်နေ့ရက်နှင့် သင်္ကြန်အတက်နေ့ရက်တို့သည် နှစ်ဟောင်း၏ အဆုံးနေ့ရက်များဖြစ်ကြ၍ သက္ကရာဇ်ဟောင်းနှင့်သာ တွဲဖက်၍သုံးစွဲကြသည်။ နှစ်ဆန်း(၁)ရက်နေ့သည် နှစ်သစ်၏ အဦးအစရက်ဖြစ်သောကြောင့် သက္ကရာဇ်သစ်နှင့် တွဲဖက်သုံးစွဲသည်။ ထို့အပြင် တန်ခူး သို့မဟုတ် ကဆုန်လသည် နှစ်ဆန်း(၁)ရက်မတိုင်မီဖြစ်ပါက နှောင်းတန်ခူး သို့မဟုတ် နှောင်းကဆုန်လအဖြစ် ရေးကြသည်။ တစ်ဖန် နှစ်ဆန်း(၁) ရက်မှစ၍ ဦးတန်ခူး သို့မဟုတ် ဦးကဆုန်ဟု ရေးသည် ”**

‘သင်္ကြန်’ဟူသည် သက္ကတဘာသာ ‘သင်္ကန္တိ’မှ ဆင်းသက်လာခြင်းဖြစ်ပြီး ‘ကူးပြောင်းခြင်း’ ဟု အဓိပ္ပာယ်ရသည်။ သက္ကရာဇ် ဦးခေါင်းပြောင်းခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်း၊ တနင်္ဂနွေဂြိုဟ်(နေမင်း) မိန်ရာသီအဆုံးမှ မိဿရာသီအစသို့ ကူးပြောင်းခြင်း စသည်ဖြင့် သင်္ကြန်၏အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

နေသည် ကောင်းကင်ရှိ မိဿရာသီအစမှတ်မှ နေပတ်လမ်းကြောင်းတစ်လျှောက် ၁၂ ရာသီစက်ကို ၃၆၀ ဒီဂရီ တစ်ပတ်အပြည့်လှည့်ပတ်ရာကာလသည် တစ်နှစ်ပြည့်ချိန်ပင် ဖြစ်သည်။ သူရိယသိဒ္ဓန္တကျမ်းအရ ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ခန့်တွင် နေသည် ရာသီစက်ကို ပျမ်းမျှနေသွားနှုန်းအားဖြင့် တစ်ပတ်ပတ်မိသည်။ မြန်မာပြက္ခဒိန်တွင် ယမန်နှစ် မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်မှ ယခုနှစ် မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန် အကြား ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ခန့် အစဉ်အမြဲကွာခြားသည်။

စင်စစ်အားဖြင့် နေသည် နာရီစက္ကန့်လက်တံကဲ့သို့ တချပ်ချပ်နှင့် ၁၂ ရာသီစက်ကို ပျမ်းမျှအသွားနှုန်းအတိုင်း ပုံသေသွားနေသည်မဟုတ်။ ရာသီစက်ဝန်း၏ အချို့နေရာများတွင် ပျမ်းမျှအသွားနှုန်းထက် ပို၍လျင်မြန်စွာသွားပြီး အချို့နေရာများတွင် ပျမ်းမျှနှုန်းထက် ပို၍နှေးသွားသည်။ မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်တွင် နေသည် ပျမ်းမျှနှုန်းအားဖြင့် မိန်ရာသီအဆုံးမှ မိဿရာသီအစသို့ ကူးပြောင်းသည်မှန်သော်လည်း ကောင်းကင်တွင် လက်တွေ့မျက်မြင်အားဖြင့် ကူးပြောင်းသောနေ့နှင့်အချိန်မှာ မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်ဖြစ်သည်။

တစ်နည်းဆိုသော် မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်တွင် နေသည် ကောင်းကင်ရှိ မိဿရာသီဦး အမှတ်နေရာသို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်သည်။ ယနေ့ကာလတွင် မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်မှ မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်အကြား ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် ကွာခြားသည်။ တစ်နည်းဆိုသော် ကောင်းကင်တွင် နေသည် မိဿရာသီ အစမှတ်သို့ အမှန်တကယ်ရောက်ရှိချိန်သည် ပျမ်းမျှနေရောက်ချိန်ထက် ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် စောကြောင်း သိရှိနိုင်သည်။

အခြားသောပြက္ခဒိန်များတွင် ကောင်းကင်တွင် နေသည် မိဿရာသီအစမှတ်သို့ အမှန်တကယ် ရောက်ရှိချိန်တွင် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးကြသော်လည်း မြန်မာပြက္ခဒိန်တွင်မူ သင်္ကြန်အကျနေ့အဖြစ်သာ သတ်မှတ်သုံးစွဲကြသည်။ နေမင်းပျမ်းမျှအသွားနှုန်းအရ မိဿရာသီအစမှတ်သို့ ရောက်ရှိချိန် (မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်)အပြီး နောက်တစ်ရက်မှသာ နှစ်သစ်သို့ ရောက်ရှိခြင်းသည်လည်း မြန်မာတို့၏ ကိုယ်ပိုင်နှစ်သစ်ကူးပြောင်းပုံ ယဉ်ကျေးမှုပင် ဖြစ်သည်။

မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်နှင့် အတက်နေ့ အတာတက်ချိန်တို့အကြား ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် ကွာခြားသည်ဖြစ်ရာ သင်္ကြန်ကျချိန်ပေါ်မူတည်၍ အကြတ်ရက် ၁ ရက် သို့မဟုတ် ၂ ရက်ဖြစ်နိုင်သည်။ မဟာသင်္ကြန်ကျချိန်သည် မြန်မာစံတော်ချိန် ည ၇ နာရီ ၅၅ မိနစ် ၂၀ စက္ကန့်နှင့် ည ၁၂ နာရီအကြားဖြစ်လျှင် သင်္ကြန်အကြတ် ၂ ရက်ဖြစ်ပေါ်သည်။ သို့ဖြစ်၍ သင်္ကြန်အကြတ် ၂ ရက်ဖြစ်ခြင်းသည် ဝါထပ်ခြင်း၊ ရက်ငင်ခြင်းတို့ကြောင့်မဟုတ်ဘဲ သင်္ကြန်ကျချိန်နှင့်သာ သက်ဆိုင်ကြောင်း မှတ်သားရမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလများဖြစ်သည့် သင်္ကြန်အကျနေ့ရက်၊ သင်္ကြန်အကြတ်နေ့ရက်နှင့် သင်္ကြန်အတက်နေ့ရက်တို့သည် နှစ်ဟောင်း၏ အဆုံးနေ့ရက်များဖြစ်ကြ၍ သက္ကရာဇ်ဟောင်းနှင့်သာ တွဲဖက်၍သုံးစွဲကြသည်။ နှစ်ဆန်း(၁)ရက်နေ့သည် နှစ်သစ်၏ အဦးအစရက်ဖြစ်သောကြောင့် သက္ကရာဇ်သစ်နှင့် တွဲဖက်သုံးစွဲသည်။ ထို့အပြင် တန်ခူး သို့မဟုတ် ကဆုန်လသည် နှစ်ဆန်း(၁)ရက်မတိုင်မီဖြစ်ပါက နှောင်းတန်ခူး သို့မဟုတ် နှောင်းကဆုန်လအဖြစ် ရေးကြသည်။ တစ်ဖန် နှစ်ဆန်း(၁)ရက်မှစ၍ ဦးတန်ခူး သို့မဟုတ် ဦးကဆုန်ဟု ရေးသည်။

ဥပမာအားဖြင့် ခရစ် ၂၀၂၆ ဧပြီ ၁၆ ရက် ကြာသပတေးနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှောင်းကဆုန်လဆန်း(၁)ရက် မဟာသင်္ကြန်အတက်နေ့ဖြစ်သည်။ ခရစ် ၂၀၂၆ ဧပြီ ၁၇ ရက် သောကြာနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဦးကဆုန်လဆန်း (၂)ရက် နှစ်ဆန်း(၁)ရက်နေ့ ဖြစ်သည်။

‘အတာ’သည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းချိန်ကို ခေါ်ဆိုသည်ဖြစ်ရာ ၁၃၈၇ ခုနှစ် အတာသင်္ကြန်သည် ၁၃၈၇ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၈၈ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသောကာလဟု အဓိပ္ပာယ်ဖွင့်ဆိုကြရမည်ဖြစ်ပါသည်။ ။

## မွန်ပြည်နယ်ဝန်ကြီးချုပ် အတာသင်္ကြန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ တက်ရောက်

**မော်လမြိုင် ဧပြီ ၁၂**

မွန်ပြည်နယ်တွင် အများပြည်သူများ အသက်အရွယ်မရွေး ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်ရန်အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပခြင်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် အတာသင်္ကြန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ၊ ဖိတ်ကြားထားသည့်ဂေါက်သီးရိုက်အားကစားသမားများ၊ ဝါသနာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက smoke ball ရိုက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများ၏ ဝင်ရောက် ယှဉ်ပြိုင်နေမှုအပေါ် ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အတန်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အကြိုးစားဆုံးအားကစားသမားဆု၊ ရိုက်ချက်အလိုက် အကောင်းဆုံးဂေါက်သီးရိုက် အားကစားသမားဆုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ (ယာပုံ) အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)





## ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဖျော်ဖြေမည့် ကိုရီးယားအနုပညာရှင်များ ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၂**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်၊ ဖျော်ဖြေရေးများနှင့် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် KK Media (CST Myanmar) တို့ ပူးပေါင်းပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ရန်အတွက် ကိုရီးယားအနုပညာရှင်များသည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

**ပါဝင်ဆင်နွှဲ ဖျော်ဖြေသီဆိုကြမည်**

အဆိုပါ K– Pop အနုပညာရှင်များမှာ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များရှိ မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲဖျော်ဖြေသီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသောအမှုန် အမွှားများ | ၁၀ မိုက် ခရွန်အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင်ဒိုင် အောက် ဆိုဒ် | အို ဇုန်း | ကာ ဗွန် မို နောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၇ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီ ဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၅၁ ရာခိုင်နှုန်းမှ ၆၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၆ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၄၇ မီလီမီတာမှ ၅၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅၇ မီလီမီတာမှ ၆၆ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၇ မီလီမီတာမှ ၇၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## ညောင်လေးပင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၁၂**

ညောင်လေးပင် မြို့နယ် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကာကွယ်ရေး လုပ်ငန်းများကို ဧပြီ ၁၀ ရက်က ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ လူနာများ လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း အပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန် လမ်းလျှောက်သင်္ကြန်များ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိ

**နေပြည်တော် ဧပြီ ၁၂**

နေပြည်တော် လယ်ဝေးမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိသည်။



လယ်ဝေးမြို့နယ် မဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဏ္ဍပ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ တပ်ဆင်ခြင်း၊ လမ်းလျှောက်သင်္ကြန်အတွက် ပြင်ဆင်ခြင်း၊ စတုဒိသာမဏ္ဍပ်၊ သနပ်ခါး မဏ္ဍပ်များ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သင်္ကြန်အကြိုနေ့မှ စတင်၍ အတက်နေ့အထိ ဖျော်ဖြေရေးအစီအစဉ်များ၊ ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ ဧပြီ ၁၂**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပနိုင်ရေး၊ ယိမ်းအကပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်းအတွင်းရှိ ဗဟိုမဏ္ဍပ်နှင့် ဘားအံမြို့ကမ်းနားလမ်းတစ်လျှောက်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာများ၏ ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မဏ္ဍပ်များတွင် ရေလုံလောက်စွာရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ အများပြည်သူအေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ထင်ဟပ်ပေါ်လွင်စေရေး



အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဘားအံမြို့ ကမ်းနားလမ်း (ခေမာလမ်းနှင့်အင်ကုန်းလမ်းကြား)တွင် ပေ ၁၀၀၀၊ ကန်သာယာအနီးရှိ ချစ်သူလမ်းကြားတွင် ပေ ၁၀၀၀၊ ခရေလမ်း (ဖွဲ့ကပင်ပန်းခြံနှင့်ပြည်နယ်လွှတ်တော်ရုံးရှေ့)တွင် ပေ ၉၀၀ ရှိသော လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် လှိုင်ကမ္ဘာကျေးရွာ သဘာဝစမ်းရေတံခွန်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး တော်ပုံ-ကျောက်ကလပ်-ကော့ကျိုက် လမ်းပေါ်ရှိ အေးအေးချမ်းချမ်းဒုံရင်းပန်းရေကစားမဏ္ဍပ်တွင် သင်္ကြန်လုပျိုဖြူလေးများ၏ ယိမ်းအကဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲများ၊ ကိုယ်ပိုင်သံစဉ်နှင့် Copy သံစဉ်မဟာသင်္ကြန်ယိမ်းအကနှင့် တပင်တိုင်အကပြိုင်ပွဲများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ယိမ်းအကနှင့်မဏ္ဍပ်ဆုချီးမြှင့်ပွဲများ၊ လမ်းလျှောက်သင်္ကြန်သုံးနေရာ၊ သံလွင်မြစ်တွင်းနန်းဖော့အွာသဲသောင်ပြင်သင်္ကြန်နှင့် မဟာသင်္ကြန်အထိမ်းအမှတ်သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲ တို့ကိုလည်း မြန်မာတို့၏ မိရိုးဖလာထုံးတမ်းစဉ်လာများနှင့်အညီ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်နှင့်ဌာနဆိုင်ရာမဏ္ဍပ်များ တည်ဆောက်ထားရှိမှုကြည့်ရှု

**မုံရွာ ဧပြီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ကန်သာယာကန်အနီး လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဗဟိုမဏ္ဍပ်နှင့် ဌာနဆိုင်ရာ မဏ္ဍပ်များဖြစ်သည့် ချင်းတွင်း ပိတောက်မဏ္ဍပ်၊ လျှပ်စစ်/ စွမ်းအင်/ လမ်းပန်းဆက်သွယ်ရေးမဏ္ဍပ်၊ ရွှေသလ္လာနှစ်သစ်မဏ္ဍပ် တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာမြို့ လမ်းလျှောက်သင်္ကြန်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်ပေါ်စေရေး၊ စတုဒိသာကျွေးမွေးဧည့်ခံမှုများ လုံလောက်မှုရှိစေရေး၊ ရေလုံလောက်မှုရှိစေရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး အသိ၊ သတိတို့ဖြင့် ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း (ကနဦးတုံ့ပြန်သူများအတွက်) သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဧပြီ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်းနှင့်မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း (ကနဦးတုံ့ပြန်သူများအတွက်) သရုပ်ပြခြင်းနှင့် သင်တန်းဆင်းပွဲကို ဧပြီ ၉ ရက်နှင့် ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း(ဇီးပင်ကြီး)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဒုတိယ အထွေထွေအတွင်းရေးမှူး၊ လက်ထောက် အထွေထွေအတွင်းရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းစိန်နှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ နည်းပြများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့်ကော်မတီဝင်များ၊ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီသင်းခွဲမှ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ မြို့နယ်အသီးသီးမှ သင်တန်းသားများ တက်ရောက်ကြသည်။



ဧပြီ ၉ ရက်တွင်ကျင်းပသည့် သရုပ်ပြသခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းစိန်နှင့်တာဝန်ရှိသူများက သရုပ်ပြသခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးပြီး အသင်းဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဧပြီ ၁၀ ရက်တွင် ကျင်းပသည့် သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက လည်းကောင်း၊ ထူးချွန်ဆုများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဗဟိုမီးသတ်သင်တန်းကျောင်း လေ့ကျင့်ရေးဌာနသို့ အခြေခံအသက်ကယ်ခြင်း အထောက်အကူပြုနည်း သင်ထောက်ကူအရုပ်နှင့် ရှေးဦးပြုစုခြင်း ဆေးအိတ်တို့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပေးအပ်သည်။

မတ် ၁၆ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြုလုပ်ခဲ့သည့် အဆိုပါသင်တန်းတွင် မီးသတ်ဦးစီးဌာနမှ နည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားခဲ့ရာ အသင်းဌာနချုပ်မှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၈ ဦး တက်ရောက်ခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့်အချိန်တွင် ရှေးဦးပြုစုခြင်းအဆင့်မှသည် ရပ်ရွာလူထုအတွင်း အရေးပေါ်အကူအညီပေးရေးနှင့် အသက်အန္တရာယ်ကျရောက်နေမှုမှ အချိန်မီကယ်တင်နိုင်ရေးအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးနည်းပညာရပ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့အဝင်ဂိတ်များ လုံခြုံရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဧပြီ ၁၂**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ မြို့တော်လွိုင်ကော်အား မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်သည် တာဝန်ရှိသူများနှင့်အတူ မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(က) ရပ်ကွက် ကေ (၅၀၀) – နမ့်ဘော်ဝမ် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားရှိသည့် အရိပ်ရပင်များကို ကြည့်ရှုစစ်ဆေးပြီး အရိပ်ရပင်များနှင့် ပန်းအလှပင်များ ရေရှည်ရှင်သန်နိုင်ရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေး၊ သတ်မှတ်အပင်အရေအတွက်ပြည့်မီရေးအတွက် အစားထိုးစိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နမ့်ဘော်ဝမ်(ခ)ရပ်ကွက် မြကန်သာလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ မြကန်သာကန်ဘေးတွင် မြေယာရှုခင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေကန်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ လွိုင်ကော်–လောပိတလမ်းပိုင်း ရှုခင်းသာပန်းခြံသို့ရောက်ရှိပြီး မြေယာရှုခင်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘီလူးချောင်းဘေးတစ်လျှောက် သန့်ရှင်းသာယာမှုရှိစေရေး ချောင်းအတွင်း အမှိုက်များ စွန့်ပစ်မှုမရှိစေရေး ဆောင်ရွက်ရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန်အတွက် စိုက်ပျိုးထားသည့်ပန်းအလှပင်များ စိမ်းလန်းစိုပြည်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ မင်းကျောင်းကန်သာကန်အမှတ် (၄) နှင့် (၅) သို့ရောက်ရှိကာ ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် ကန်သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေရန် ကန်ပေါင်ပတ်လည် ပန်းအလှပင် စိုက်ပျိုးထားမှုကို စစ်ဆေးကြည့်ရှုပြီး တာဝန်ရှိသူများအား ကန်ပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်ရေးနှင့် အမှိုက်သရိုက်များ ကင်းရှင်းစေရေး မပြတ်ဆောင်ရွက်ရန်နှင့် မြို့အား Green City၊ Clean City၊ Smart City အဖြစ် ပုံဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လောပိတမြို့မှ လွိုင်ကော်မြို့သို့လာရောက်သည့် (၄) မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ပြည်သူများ လုံခြုံစိတ်ချစွာ စနစ်တကျဝင်ထွက်သွားလာနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ယာဉ်အဝင်အထွက်များ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် လုံခြုံရေးအသိ သတိအမြဲရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် နွေစပါးလျာထားကေ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့နယ်အတွင်း နွေစပါးလျာထားကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာ၌ နွေစပါးစိုက်ပျိုးရေလုံလောက်စွာရရှိစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် အိုးဘိုချောင်း အရှည်မိုင် ၁ ဒသမ ၉၅ မိုင်အား ရေကြောင်းရှင်းလင်းခြင်းနှင့် နုန်းဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြောင်းရှင်းလင်းခြင်းနှင့် နုန်းဖော်ခြင်းလုပ်ငန်းသည် နွေစပါးစိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်ခြင်းအပြင် မိုးရာသီရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်၍ ချောင်းရိုးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေအား အကျိုးရှိရှိအသုံးပြုရန်၊ ရာသီသီးနှံပင်များ စိုက်ပျိုးသွားရန်၊ နွေစပါးသည် ရေသွင်းရေထုတ် စနစ် မှန်ကန်စွာဆောင်ရွက်နိုင်သည့်အတွက် ဒေသနှင့်ကိုက်ညီသည့် တန်ဖိုးမြင့် ပေါ်ဆန်းစပါးမျိုးများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ် ပဲခူးမြစ်တာ၊ တာမိုင်(၄/၀) မှ (၅/၀) အတွင်း (အောက်စီတီး–အရှေ့ကျေးရွာ) တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ပဲခူးမြို့နယ်အတွင်းရှိ ပဲခူးမြစ်တာများသည် ရေကြီးရေလျှံမှုကို ကာကွယ်သည့်အပြင် ကျေးရွာချင်းဆက် လမ်းအဖြစ်လည်း အသုံးပြုနေသည့်တာများဖြစ်၍ တာများ၏ ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ် စစ်ဆေးရန်၊ တာပေါင်တစ်လျှောက် ကျူးကျော်လူနေထိုင်မှုမရှိရန်နှင့် သတ်မှတ်ထားသည့် လမ်းများကိုသာ တာပေါင်နှင့်ချိတ်ဆက်အသုံးပြုသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောက်ဆည်မြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆူးကုန်းအုပ်စု အရှေ့အေးမြသာစည်ရပ်ကွက်၌ ယမန်နေ့က ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး တတ်နိုင်သမျှ အရိပ်ရ၍အေးမြသောနေရာတွင် နေထိုင်ရန်၊ ခန္ဓာကိုယ်အား နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန်၊ အရောင်ဖျော့သည့်ချည်ထည်များကိုဝတ်ဆင်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက ထီး၊ ဦးထုပ်တို့ကိုဆောင်းရန်၊ ရေများများသောက်ရန်နှင့် အပူဒဏ်ကြောင့် ဖြစ်တတ်သောရောဂါများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်ကို ပိုမိုခံစားရသည့်အတွက် ရှောင်ကြဉ်ကြရန် စသည့် အပူဒဏ်ကာကွယ်ရေးအကြောင်းများ ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ်ဆားထုပ်များနှင့် သက်ကြီးရွယ်အိုများအတွက် အားဆေးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အချိုရည်ဘူးများဝေငှခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**




## ပူတာအိုခရိုင်၌ အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

**ပူတာအို ဧပြီ ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် I.P.S.S Putao ကိုယ်ပိုင်မူလတန်းကျောင်းတို့ပူးပေါင်း၍ နွေရာသီကာလ ပညာဒါန အင်္ဂလိပ်စာသဒ္ဒါသင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိရာ ဧပြီ ၁၀ ရက်က ပူတာအိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် I.P.S.S Putao ကိုယ်ပိုင်မူလတန်းကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာတိုးနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက သင်တန်းထူးချွန်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းနည်းပြဆရာများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့ မြို့ပေါ်ရပ်ကွက်များမှ အခြေခံပညာအလယ်တန်းအဆင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး မတ်လမှ ဧပြီလအထိ သင်တန်းနည်းပြဆရာများက ပညာဒါနအဖြစ် သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မော်လမြိုင် မေ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလ နှစ်ဦးအကြို သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။



ဦးစွာ မြိုင်သာယာရပ်ကွက် အကျိုးတော်ဆောင် နာယကတစ်ဦးက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကန်တော့ခံဘိုးဘွားများအား ဘိုးဘွားကန်တော့ချိုးဖြင့် ကန်တော့ခဲ့ကြကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက အဘိုး ၁၁၀၊ အဘွား ၁၀၂ ဦး စုစုပေါင်း ၁၁၂ ဦးအား ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အလှူငွေများ လှူဒါန်းကြရာ ကန်တော့ခံ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဆက်လက်၍ ဘိုးဘွားများအား ကံစမ်းမဲများ နှိုက်ပေးခဲ့ပြီး မြိုင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ကျိုင်းတုံမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆွေးနွေး

**ကျိုင်းတုံ မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံပွဲကို မေ ၆ ရက်က ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက ရာသီဥတုပြောင်းလဲမှု၊ တောမီးနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်ပျိုးနည်းစနစ်များ ပြောင်းကြစို့ခေါင်းစဉ်ဖြင့် လည်းကောင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ အထောက်အကူပြုရေး ဆွေးနွေး

**မြစ်ကြီးနား မေ ၁၂**

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီ အနေဖြင့် ပြည်သူလူထု တွေ့ဆုံရှင်းလင်းပွဲများကို မေ ၆ ရက်က မြစ်ကြီးနားမြို့ တပ်ကုန်း (အင်ဂျန်ဒုံ)ရပ်ကွက် ဇေ်ဂေလိဓမ္မကောလိပ်ရှိ ဂျူဗလီခန်းမ၌ ၁၃ ကြိမ်မြောက်အဖြစ် ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အထောက်အကူပြုရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာအောင်ဝင်း၊ ဦးထွန်းထွန်းလှိုင်၊ ဦးမုန်ရိုန်လ၊ ဦးနော်ထွဲနှင့် ဦးဂျန်ခုန့် (ခ) ဦးနော်ခုန့်တို့က ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ ပညာရှင်များ၏ လေ့လာတွေ့ရှိမှုများ၊ ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက်များ၊ ကမ္ဘာ့ရေကာတာကြီးများအကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများအကြား နှိုင်းယှဉ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မြစ်ဆုံစီမံကိန်းဆိုင်ရာ သိလိုသည်များနှင့် ၎င်းတို့၏ အမြင်များ၊ စိုးရိမ်ပူပန်မှုများအပေါ် သိလိုသည်များ မေးမြန်းတင်ပြမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## စစ်ကိုင်းမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**စစ်ကိုင်း မေ ၁၂**

၂၀၁၆ ခုနှစ် စစ်ကိုင်းခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို မေ ၇ ရက်က စစ်ကိုင်းမြို့ ပိုးတန်းအားကစားရုံ၌ ကျင်းပသည်။




အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းသူများအား ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ တာဝန်ရှိသူများက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အားကစားနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့် အားကစားသရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နွေရာသီကာလအတွင်း ကျရောက်လာနိုင်သည့် အပူဒဏ်အန္တရာယ်များမှ အများပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်ကြောင်း သိရသည်။

အသိပညာပေးဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်မျိုးအေးက ပျဉ်းမနားမြို့နယ်အတွင်းရှိ ပြည်သူများ အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်အတွက် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ အပူဒဏ်အန္တရာယ် ပြင်းထန်စွာခံစားရပါက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များအတိုင်း ကုသဆောင်ရွက်ရမည့်အခြေအနေများကို အသိပညာပေးဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဟိုင်းကြီးကျွန်း မေ ၁၂**

ဟိုင်းကြီးကျွန်းမြို့၌ မီးဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို အမှတ်(၃)ရပ်ကွက်၌ မေ ၇ ရက်က ဆောင်ရွက်ရာ ဟိုင်းကြီးကျွန်းမြို့ နယ်မြေမီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မီးဘေးအန္တရာယ် အထူးသတိထားကြရန်၊ မီးကွင်းမီးကျန်များကို စနစ်တကျ ငြိမ်းသတ်ကြရန်၊ မီးကို မပေါ့ဆကြရန်၊ လျှပ်စစ်ဝိုင်ယာရှော့ခ် မဖြစ်ပွားစေရေး ဂရုပြုသုံးစွဲကြရန်၊ မီးလောင်မှုဖြစ်ပွားပါက ကျိတ်၍ မငြိမ်းသတ်ကြဘဲ သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားကြရန်နှင့် သဲပုံး၊ ရေပုံး၊ မီးချိတ်မီးကပ်များကို အရန်သင့်ထားရှိကြရန် ပြောကြားပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**လှိုင်မျိုးအောင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မိုင်းဆတ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ် ကာကွယ်ရေးဆွေးနွေး

**မိုင်းဆတ် မေ ၁၂**

မိုင်းဆတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း ဒို့ကာကွယ် အသိပညာပေးဆွေးနွေးပွဲကို မေ ၆ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက လူတို့နေ့စဉ် အသက်ရှူနေသည့် လေထုအတွင်း၌ရှိသော မီးခိုးမြူငွေ့သည် လူ့ကျန်းမာရေးအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိသည်ကို သိရှိနိုင်ရန်အတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်ပွင့်ဖြူက မီးခိုးမြူငွေ့၏ အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအခြေအနေ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လေထုအရည်အသွေးညွှန်းကိန်း သတ်မှတ်ချက်များနှင့် မိုင်းဆတ်ခရိုင်၏ ဝန်းကျင်လေထုအရည်အသွေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ (၇)ကြိမ်မြောက် လုံးတော်ပြည့် ရွှေအစစ်သင်္ကန်းဆက်ကပ်ပူဇော်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ (၇)ကြိမ်မြောက် လုံးတော်ပြည့် ရွှေအစစ်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ရေစက်ချအနုမောဒနာတရားနာယူခြင်း အခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းက စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ကန္ဒကုဋီတိုက်အတွင်း၌ ကျင်းပသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ကိုယ်စားအဖွဲ့ဝင် (စီမံရေးရာ) ဦးထွန်းရွှေက (၇)ကြိမ်မြောက် လုံးတော်ပြည့် ရွှေအစစ်သင်္ကန်းဆက်ကပ်လှူဒါန်းပြီးစီးမှု အခြေအနေအကျဉ်းချုပ်ကို လျှောက်ထားတင်ပြခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဩဝါဒါစရိယဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒက ရေစက်ချတရားတော်ဟောကြားပြီးနောက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ အခမ်းအနားကို “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” (၃)ကြိမ် ရွတ်ဆို၍ ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**



## ဒုတိယအကြိမ် ရှင်သာမဏေအပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဧပြီ ၁၂**

ဒုတိယအကြိမ် ရှင်သာမဏေအပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း၌ ပြုလုပ်သည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး (မြောက်) ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ နိမလနှင့် အလှူရှင် သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်မိသားစုတို့က ဗဟန်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ရှင်သာမဏေများ၊ သီလရှင်များအား နဝကမ္မဝတ္ထုများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ (၉၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်အတွင်းရှိ သမိုင်းဝင်ပေါ်တော်မူစေတီတော်နှင့် လောကမုနိစေတီတော် နှစ်ဆူ၏ (၉၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၉ ရက်နံနက် ၉ နာရီက ပဋ္ဌာန်းဖွင့်ပွဲ ကျင်းပသည်။

ထို့နောက် နံနက် ၉ နာရီက ဘုရားအမှူးထား၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် အရှင်သူမြတ်များက တရားရေအေးအမြိုက်ဆေး ပြန်လည်ချီးမြှင့် တိုက်ကျွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၄ နာရီက ပဋ္ဌာန်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ဂေါပကဥက္ကဋ္ဌ ဦးနေဦးနှင့်အဖွဲ့ဝင်များက ဦးဆောင်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ် အပါး ၃၀ တို့အား ပေါ်တော်မူစေတီရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ခဲ့ကြောင်း သိရသည်။

**ဝေယံ(မရမ်းကုန်း)**



## ပြည်မြို့နယ်၌ အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်း ၁ နှင့် ၂ နွေစပါးမျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်

**ပြည် ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ ပြည်မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ ပြည်မြို့နယ် ငါးရွာအုပ်စု၌ စိုက်ပျိုးထားသော တောင်သူ ဦးဝင်းလှိုင်၏ ရေဆင်းပေါ်ဆန်း ၁ နှင့် ရေဆင်းပေါ်ဆန်း ၂ နွေစပါး ၁၅ ဧက စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက စိုက်ကွင်းအတွင်း ဆောင်ရွက်ထားရှိသည့် Yellow Sticker Insect Trap နှင့် Blue Sticker Insect Trap တို့ ဆောင်ရွက်ထားရှိမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စပါးပင်သက်တမ်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ၊ ပေါင်းမြက်ကင်းရှင်းရေးနှင့် (မျိုး၊ မြေ၊ ရေ၊ နည်း) အချက်ကြီး လေးချက်ကို ဟန်ချက်ညီညီ အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်မည်ဖြစ်ကြောင်း တောင်သူများအား အသိပညာပေးမှာကြားသည်။

ပြည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမျိုးများလုံလောက်စွာရရှိစေရန်ရည်ရွယ်၍ မျိုးစေ့ထုတ်အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများစိုက်ပျိုးထားရှိရာ ယခုနှစ်နွေစပါးစိုက်ရာသီတွင် အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်း(၁) ဧက ၅၀ နှင့် ရေဆင်းပေါ်ဆန်း(၂) ဧက ၆၀ စုစုပေါင်း ဧက ၁၁၀ ကို မျိုးစပါး ထုတ်လုပ်ရန်စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## သင်္ကြန်ကာလ မီးဘေးအန္တရာယ်မကျရောက်စေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မှူးနှင့် တပ်ဖွဲ့ဝင်များက မဟာသင်္ကြန်ကာလ မီးလန့်မှုနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့ကစတင်ကာ မြို့တွင်းရှိ အိမ်တွင်းမှုလုပ်ငန်းများနှင့် ဝန်းကျင်ကျေးရွာများအထိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်နှင့် ကျေးရွာများရှိ ပဲကြော်ဖိုများ၊ အာလူးကြော်ဖိုများနှင့် ထန်းလျက်ဖိုများတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု ရှိမရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ပြုလုပ်ပေးပြီး လက်တွေ့စစ်ဆေးခြင်း၊ မီးလောင်လွယ်သည့် ပစ္စည်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းထားခြင်းတို့ကို အသိပညာပေး ဆွေးနွေးသည်။



**နေအောင်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ နေအိမ်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ပုသိမ်ကြီး ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနသည် နွေရာသီရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ ပြည်သူများ၏ နေအိမ်များကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို ဧပြီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ အောင်ချမ်းသာကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်သူများအနေဖြင့် မီးသတိရှိရေး မီးလောင်မီးလန့်မှုမဖြစ်ပွားစေရေး၊ အသိပညာပေးဟောပြောခြင်း၊ 191 Report Application အသုံးပြုနည်းကို ရှင်းလင်းပြောကြားပေးပြီး အိမ်တိုင်းဆောင်ထားသင့်သည့် မီးသတ်ဆေးဘူး၊ မီးငြိမ်းသတ်ရေး ပစ္စည်းများအား ကြည့်ရှုစစ်ဆေးဆောင်ရွက်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ မြို့နယ်အတွင်း ကျန်ရှိနေသေးသည့် နေရာများကိုလည်း ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မီး ဘေး ရှောင် မ လောင် ခင် တား**

## သနပ်ပင်မြို့နယ်၌ ဗဟိုရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်းနှင့် ယိမ်းအဖွဲ့များ အကတိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

**သနပ်ပင် ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်းနှင့် ယိမ်းအဖွဲ့များ အကတိုက် လေ့ကျင့်ခြင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သနပ်ပင်မြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ ကျင်းပဆောင်ရွက်မည်ဖြစ်ရာ ဗဟိုရေကစားမဏ္ဍပ်တွင် လမ်းလျှောက်သင်္ကြန်ဖြင့် ရေပက်ကစားနိုင်ရေးအတွက် မဏ္ဍပ်ဆောက်လုပ်ရေး ကော်မတီမှဦးဆောင်၍ စျေးပိုင်းရပ်ကွက် ဇမ္ဗူရာဇ်လမ်းတစ်လျှောက် အလှဆင်ခြင်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး ကပြဖျော်ဖြေတင်ဆက်မည့် ရပ်ကွက်ယိမ်းအဖွဲ့များမှ အကတိုက်လေ့ကျင့်ခြင်းများကို အကနည်းပြများ၏ သင်ကြားပြသမှုဖြင့် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။



သနပ်ပင်မြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ လမ်းလျှောက်သင်္ကြန်ဖြင့် ပျော်ရွှင်စွာရေပက်ကစားခြင်း၊ ဝါသနာရှင်များမှ သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ သင်္ကြန်ယိမ်းအကအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သာစည်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အွန်လိုင်းမှ အသိပညာပေးဆွေးနွေး

**သာစည် ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အွန်လိုင်းမှတစ်ဆင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ရာ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးမျိုးမြင့်ဝင်းတို့က အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများနှင့် ထိုလက္ခဏာများခံစားရပါက ဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းနှင့် အရေးပေါ်ရှေးဦးပြုစုခြင်းနည်းလမ်းများ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများနှင့် အပူဒဏ်ကာကွယ်ရေး စားသောက်နေထိုင်သင့်သည့်နည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့သည်။

သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြည်သူများအား အွန်လိုင်းမှတစ်ဆင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မြဝတီ ဧပြီ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အမှတ်(၄) ရပ်ကွက် တောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဌာနဆိုင်ရာများပူးပေါင်း၍ ကျင်းပရာ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစည်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းနှင့် ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်တို့က ပတ်ဝန်းကျင်ရှိ လေထုစနစ်ကောင်းမွန်စေရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပလတ်စတစ်ဆိုးကျိုးအန္တရာယ်အကြောင်း၊ မီးခိုးမြူငွေ့အန္တရာယ် ကာကွယ်နိုင်သောနည်းလမ်းများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်သော အခြားပြဿနာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက အသိပညာဗဟုသုတများ ရရှိစေမည့် စာအုပ်၊ စာပေများ ဖတ်ရှုကြရန်နှင့် လုပ်ကြံသတင်းတု၊ ပုံဖျက်သတင်းအမှားများကို သတိပြုရှောင်ရှားရမည့် အချက်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဉာဏ်ဝင်းအောင်က ရာသီဥတုပြောင်းလဲမှုတွင် သစ်တောသစ်ပင်များ အရေးပါပုံ၊ တောမီးကာကွယ်ရေးနှင့် မြူခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ မီးဘေးအန္တရာယ်ကျရောက်လာပါက မီးသတ်ဆေးဘူး အသုံးပြုရမည့်အချက်များ၊ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ဆောင်းနှင်းဖြူ(မြဝတီ)**

## မြိတ်မြို့၌ သစ်တောထိန်းသိမ်းရေး၊ ရေချွေတာရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**မြိတ် ဧပြီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေချွေတာရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သဘွတ်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အသိပညာပေးဟောပြောရာတွင် မြိတ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချို က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေချွေတာရေး အကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားပြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ဟောပြောပွဲ တက်ရောက်လာသူများအား သစ်တောဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



◆ *ကျောဖုံးမှ*

မြဖေယျာရပ်ကွက်နေ မိုးနိုင်(၄၈)နှစ်နှင့် ဟိုပင်မြို့၊ မြို့မ မြောက်ရပ်ကွက်နေ ရိမ်းပေါင်(၂၄)နှစ်တို့နှစ်ဦးကိုစစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၅၂ သိန်း) ဖမ်းဆီးရမိခဲ့ကြောင်း။

ဧပြီ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီး၌ မန္တလေးမှ မြစ်ကြီးနားသို့ မောင်းနှင်လာသော FOTON TOANO အမျိုးအစား မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် လယ်ဝေးမြို့နေ မစမ်းအေး (၅၆) နှစ် သယ်ဆောင်လာသည့် ဘိန်းစိမ်း ၁၃ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၅၆ သိန်း) ဖမ်းဆီးရမိခဲ့သဖြင့် မိုးနိုင်၊ ရိမ်းပေါင်နှင့် မစမ်းအေးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အသီးသီးအမှုဖွင့်အရေးယူထားသည်။

ထို့အတူ ဧပြီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဟွေဆိုင်းရွာနေ ဒေါ်မိနစ်(ခ) လော်ဂျူး(၂၇) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၉ သိန်း) ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထက်ပါပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဟွေပုံကျေးရွာအနီး၌ ၎င်းရွာနေ အားဒို (၃၇) နှစ် မောင်းနှင်လာသော HAOJUE အမျိုးအစား မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်မိနစ်(ခ) လော်ဂျူးနှင့် အားဒိုတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ မိုးနိုင်နှင့် ရိမ်းပေါင်။

❐ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ဧပြီ ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဖြစ် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် လေးဂိုးပြတ်ရှုံးနိမ့်ထားသည်။ ထို့ပြင် ဧပြီ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့တွင်လည်း ပီအက်စ်ဂျီအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ထားသည်။

ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ဖူလ်ဟမ်အသင်းသည် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်း၏ ဂိုးရရှိရန်နီးစပ်သည့် အခွင့်အရေးများစွာကို လီဗာပူးအသင်းဂိုးသမား ဂျော်ဂီမာမာဒါရှ်ဗီလီ လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၆ မိနစ်နှင့် မိနစ် ၄၀ တွင် အင်ဂူမိုဟာနှင့် ဆာလာတို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ် ၅၂ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၅) တွင် ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် အားကောင်းလာခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က တန်းဆင်းဇုန်မှ ဘန်လေကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ ဘန်လေအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးပြိုင်ပွဲစုံ ခုနစ်ပွဲတွင် ရှုံးပွဲငါးပွဲအထိရှိလာပြီဖြစ်သည်။ ဘရန့်ဖို့ဒ်နှင့် အဲဗာတန်အသင်းပွဲစဉ်တွင် အဲဗာတန်ကွင်းလယ်ကစားသမား ကီယာနန်ဒူးဘာရီဟောလ်၏ နောက်ကျချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## ပန်းတောင်းမြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်အသုံးပြုနည်းပညာများ ရှင်းလင်းဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြ



**ပန်းတောင်း ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်အသုံးပြုနည်းပညာများကို ရှင်းလင်းဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ထို့ပြင် သဘာဝမြေဩဇာများ၏ အကျိုးကျေးဇူးများ၊ ပြုလုပ်နည်းအဆင့်ဆင့်နှင့် လယ်ယာမြေတွင် မှန်ကန်စွာ အသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးပြီး သဘာဝမြေဩဇာများ ပြုလုပ်ရာတွင် အပင်အရွက်၊ မြက်ခြောက်များ၊ စပါးကောက်ရိုး၊ မြက်ခြောက်၊ အရွက်ပုပ်များ၊ တိရစ္ဆာန်မစင်၊ မီးဖိုအမှိုက် သဘာဝမြေဩဇာ အသုံးပြုခြင်း နည်းပညာများကို လက်တွေ့သရုပ်ပြကာ လယ်ကွင်းအတွင်း ပြုလုပ်သည်။

ထို့နောက် သဘာဝမြေဩဇာ ပြုလုပ်ပုံများကို လက်တွေ့သရုပ်ပြကာ တောင်သူများ၏ မေးမြန်းချက်များကို ဖြေကြားပေးခဲ့ကြသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝမြေဩဇာ အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ မြေညစ်ညမ်းမှု လျှော့နည်းစေခြင်းနှင့် သီးနှံအရည်အသွေး တိုးတက်လာနိုင်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## နွေစပါးစိုက်တောင်သူများအား ပြည်ထောင်စုရန်ပုံငွေဖြင့် သွင်းအားစု ထောက်ပံ့ပေးအပ်



**မန္တလေး ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စုရှိ အဆင့်မြင့်လယ်ယာ ဧက ၁၅၀ ကွင်း အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက်က နွေစပါးစိုက်တောင်သူများအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဧက ၂၃၀၀ အတွက် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၂၃၀၀ နှင့် ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၃၀၀ သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး(ပြည်ထောင်စု) အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ရည်ရွယ်ချက်များ၊ SOP လုပ်ထုံးလုပ်နည်းအတိုင်း အကျိုးရှိရှိ အသုံးချသွားရန် ပြောကြားပြီး ဓာတ်မြေဩဇာများကို တောင်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့သည်။

**စိုးသီဟ(အမရ)**

## မြို့သစ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်



**မြို့သစ် ဧပြီ ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဧပြီ ၉ ရက်က မင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးတင်လှကြည်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့်အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ ကြံသီးနှံမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးနှင့် အစက်ချရေပေးစနစ်ဖြင့် စိုက်ပျိုးခြင်းတောင်သူပညာပေး

**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြံသီးနှံမျိုးသန့်ခြံ(ကမ်းပါးနီ)တွင် ဧပြီ ၉ ရက်က ကြံသီးနှံမျိုးကောင်းမျိုးသန့် အသုံးပြု စိုက်ပျိုးနိုင်ရေး၊ သီးနှံများအတွက် မြေခံ၊ မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲနိုင်ရေး၊ အစက်ချရေပေးစနစ်ဖြင့် ရေသွင်းခြင်းများ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံမျိုးသန့်ခြံ(ကမ်းပါးနီ)မှ ခြံတာဝန်ခံ ဦးလေးအောင်က မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးရေး၊ သီးနှံများအတွက် လိုအပ်သောမြေခံ၊ မြေပြုပြင်ခြင်းနှင့် မြေဩဇာများအကြောင်း ပညာပေးဆွေးနွေးကာ တောင်သူများ၏ သိလိုသည့်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ကြံသီးနှံမျိုးသန့်ခြံ(ကမ်းပါးနီ)တွင် အစက်ချရေပေးစနစ်ဖြင့် စိုက်ပျိုးထားသည့် ကြံသီးနှံစိုက်ခင်းကို တောင်သူများအား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နွေစပါးရိတ်သိမ်းရာတွင် စက်သုံးဆီအခက်အခဲမရှိစေရန် ကွင်းဆင်းကြည့်ရှုအားပေး



**မြောင်းမြ ဧပြီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နွေစပါးရိတ်သိမ်းရာတွင် စက်သုံးဆီ အခက်အခဲမရှိစေရန် တာဝန်ရှိသူများက ဧပြီ ၉ ရက်တွင် ကွင်းဆင်းကြည့်ရှုအားပေးသည်။

မြောင်းမြ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နွေစပါးရိတ်သိမ်းသည့် တောင်သူလယ်သမားများ စက်သုံးဆီ အခက်အခဲ မဖြစ်ပေါ်စေရန် အတွက် ကွင်းအမှတ် (၂၀၈/၁၅၈၉-က) ဦးပိုင်အမှတ် ၂/၃ တောင်သူဦးမြင့်သန်း လယ်မြေ၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး စက်သုံးဆီရရှိစေရေး ကူညီဆောင်ရွက်ပေးကာ မြို့နယ်စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာတို့မှ နွေဌာနပိုင်/တောင်သူပိုင်စက်များ စက်သုံးဆီရရှိပြီး ဈေးနှုန်းသက်သာစွာ ရိတ်သိမ်းခြွေလှေ့နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## ကျောက်တလုံးကြီးမြို့၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်တလုံးကြီး ဧပြီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ လူကုန်ကူးမှု



အန္တရာယ် အသိပညာပေးနံရံကပ်စာစောင် ပြသခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ် အသိပညာပေးနံရံကပ်စာစောင်ကို ပြသသည်။ ထို့နောက် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ကျောက်တလုံးကြီးမြို့ ဦးစီးမှူး ဒေါ်သန္တာဝင်းနှင့် အငယ်တန်းစာရေး ဒေါ်ကေသီအောင်တို့က လူကုန်ကူးမှုအန္တရာယ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## တပ်ကုန်းမြို့၌ သင်္ကြန်ယိမ်းအဖွဲ့များအလိုက် ကြိုတင်လေ့ကျင့်

**နေပြည်တော် ဧပြီ ၁၂**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက်ကျင်းပနိုင်ရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာ၊ ရပ်ကွက်များအလိုက် သင်္ကြန်အကအလှများ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# ဟန်ဂေရီနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ စတင်

**ဘူဒါပက်စ် မေ ၁၂**

ဟန်ဂေရီနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲအတွက် မဲပေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ စစ်တမ်းကောက်ယူမှုများအရ ဝန်ကြီးချုပ် ဗစ်တာ အော်ဘန်ဦးဆောင်သည့် အာဏာရ ဖီဒက်ဇ် ပါတီသည် ပါတီအသစ်တစ်ခု၏နောက်တွင် ရောက်ရှိနေသည်ဟု ဖော်ပြထားသည်။

မေ ၁၂ ရက် ညပိုင်း မဲရုံများပိတ်ပြီးနောက် မဲရေတွက်မှုများ စတင်မည်ဖြစ်သည်။ ဗစ်တာ အော်ဘန်သည် ဟန်ဂေရီကို ဦးစားပေးသည့်ဝါဒကို နှစ်ခြိုက်သူဖြစ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်လည်း အဆင်ပြေသည့်ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်သူဖြစ်သည်။ ဟန်ဂေရီဝန်ကြီးချုပ် ပြန်လည်ရွေးကောက်ခံရရေး အမေရိကန်သမ္မတ ထရမ့်က ခိုင်ခိုင်မာမာ ထောက်ခံပေးလျက်ရှိပြီး ဒုတိယသမ္မတ ဂျေဒီဗန်စ်ကိုလည်း ဟန်ဂေရီသို့ စေလွှတ်ခဲ့သည်။

လွတ်လပ်သည့် သုတေသနအုပ်စု၏ စစ်တမ်းကောက်ယူမှုတစ်ခုအရ အော်ဘန်၏ ပါတီသည် တစ်ဇာပါတီ၏နောက်တွင် ၁၀ ရာခိုင်နှုန်း နောက်ကျနေသည်ဟု ဖော်ပြထားသည်။ တစ်ဇာပါတီသည် ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို ထောက်ခံသည်။

လက်ရှိအာဏာရပါတီကို ထောက်ခံသူတစ်ဦးက အော်ဘန်သည် တိုင်းပြည်ကို ၁၆ နှစ် အုပ်ချုပ်ခဲ့ပြီး အုပ်ချုပ်မှုများအောင်မြင်ခဲ့ကာ ပြည်သူများ၏ဘဝ တည်ငြိမ်စေခဲ့သည်ဟု ပြောသည်။ တစ်ဇာ ပါတီကို




ထောက်ခံသူတစ်ဦးကလည်း ဟန်ဂေရီနိုင်ငံသည် လူကြီးရော လူငယ်ပါနေထိုင်နိုင်သည့် နိုင်ငံအဖြစ် ပြန်လည်ဖြစ်ပေါ်လာမည်ဟု ပြောကြားခဲ့သည်။ မျှော်လင့်ကြောင်း

**အင်န်အိတ်ချ်ကေ**



# ပြည်ပမှတင်သွင်းသည့် စွမ်းအင်အပေါ် မှီခိုမှု တူကီယဲ လျှော့ချမည်

**အန်ကာရာ မေ ၁၂**

တူကီယဲနိုင်ငံသည် ပြည်ပမှ တင်သွင်းနေရသည့် စွမ်းအင်အပေါ် မှီခိုနေရမှုကို လျှော့ချကာ ကိုယ်ပိုင်စွမ်းအင် ပိုမိုထုတ်လုပ်လိုကြောင်း တူကီယဲစွမ်းအင်နှင့် သဘာဝသယံဇာတ ဝန်ကြီး အယ်လ်ပါစလန် ဘိုင်ရက်တာ **(အပေါ်ပုံ)** က မေ ၁၁ ရက်တွင် ပြောသည်။

တူကီယဲနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးအပါအဝင် အသုံးပြုနေသော စွမ်းအင်အများစုကို ပြည်ပမှ တင်သွင်းနေရသည်ဟု ကေဆာရီမြို့၌ ပြုလုပ်သော စွမ်းအင်ဆိုင်ရာ အစည်းအဝေးတွင် ဘိုင်ရက်တာက ပြောသည်။

စွမ်းအင်လိုအပ်ချက် မြင့်မားလျက်ရှိသောကြောင့် ပြည်ပမှ တင်သွင်းမှုများအပေါ် မှီခိုအားထားနေရမှုကို လျှော့ချခြင်းမှာ အရေးကြီးကြောင်း၊ စွမ်းအင်မရှိပါက စီးပွားရေးနှင့် စက်ရုံအလုပ်ရုံလုပ်ငန်းများ လည်ပတ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တူကီယဲအစိုးရသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ပြည်တွင်းစက်သုံးဆီထုတ်လုပ်မှုနှင့် နျူကလီးယား စွမ်းအင်အပါအဝင် အရင်းအမြစ်မျိုးစုံကို ပေါင်းစပ်၍ တိုးချဲ့သွားရန် စီစဉ်နေကြောင်း သိရသည်။ တူကီယဲနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုမှာ ၂၀၂၂ ခုနှစ်တွင် နှစ်ဆကျော် မြင့်တက်လာခဲ့ပြီး ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ၂၂ ဂစ်ဂါဝပ်ကျော်အထိ ရောက်ရှိခဲ့သည်။

ထို့အပြင် လေအားလျှပ်စစ်ထုတ်လုပ်မှုမှာလည်း မြင့်တက်လာကြောင်း၊ ရေအားလျှပ်စစ်မှာ တူကီယဲနိုင်ငံ၏ အကြီးဆုံး လျှပ်စစ်အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေပြီး ၃၂ ဂစ်ဂါဝပ်အထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုဖြင့် ဗီယက်နမ်၏ ပထမဆုံးမြန်နှုန်းမြင့်ရထားလမ်း စတင်တည်ဆောက်

**ဟနွိုင်း မေ ၁၂**

ဗီယက်နမ်နိုင်ငံသည် ဟနွိုင်းမြို့ ဘက်နင်းပြည်နယ် ဟိုင်ဖုန်းမြို့နှင့် ကွမ်နင်းပြည်နယ်တို့ကို ဆက်သွယ်ထားသော ကီလိုမီတာ ၁၂၀ ရှည်လျားသည့် နိုင်ငံ၏ ပထမဆုံးမြန်နှုန်းမြင့် ရထားလမ်းကို မေ ၁၂ ရက် နံနက်ပိုင်းတွင် စတင် တည်ဆောက်နေပြီဖြစ်ကြောင်း ပြည်တွင်းမီဒီယာ VnExpress တွင်ဖော်ပြထားသည်။

## ၂၀၂၈ ခုနှစ်တွင် အပြီး တည်ဆောက်ရန် လျာထား

အဆိုပါရထားလမ်းမှာ စံနှုန်းမီလမ်းအကျယ်ရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ အမြင့်ဆုံး မောင်းနှင်နိုင်မည့် နှစ်လမ်းသွား လျှပ်စစ်ရထားလမ်းအဖြစ် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်ဒေါင် ၁၄၇ ဒသမ ၃၇ ထရီလီယံဝန်းကျင် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇ ဘီလီယံခန့်) ရှိသော ယင်းစီမံကိန်းသည် ၂၀၂၈ ခုနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားသည်။

## ကြာမြင့်ချိန်လျှော့ချပေးနိုင်မည်

တည်ဆောက်မှု ပြီးစီးပါက ဟနွိုင်းမြို့မှ ကွမ်နင်းပြည်နယ်အကြား ခရီးသွားလာမှု ကြာမြင့်ချိန်ကို ၂ နာရီမှ ၂ နာရီခွဲကြာမြင့်မှုမှ ၂၅ မိနစ်မှ မိနစ် ၃၀ အထိ လျှော့ချပေးနိုင်တော့မည် ဖြစ်သည်။

## ဒေသတွင်း ချိတ်ဆက်မှုများ မြှင့်တင်ပေးမည်

ထို့အပြင် ဒေသတွင်း ချိတ်ဆက်မှုများနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**

■




# အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန် ဒေါ်လာ ၁၄၂ ဒသမ ၅ သန်းတန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်း ၂၃၃ ခု အကောင်အထည်ဖော်မည်

**ကဘူးလ် မေ ၁၂**

၂၀၂၆ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း ၂၃၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကဘူးလ်မြို့တော်စည်ပင်သာယာရေးအဖွဲ့က မေ ၁၂ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါစီမံကိန်းများသည် အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၅ သန်းခန့် တန်ဖိုးရှိသည်ဟု တိုလိုသတင်းအေဂျင်စီတွင် မေ ၁၂ ရက်က ဖော်ပြထားသည်။ လမ်းတံတားများ၊ အဆောက်အအုံများနှင့် စိမ်းလန်းစိုပြည်ရေးနေရာများတွင် အဓိကထား၍ စီမံကိန်းများလုပ်ဆောင်သွားမည်ဟု သိရသည်။

ကဘူးလ်မြို့ပြ တိုးချဲ့ရေးစီမံကိန်းများ၏ ၇၀ ရာခိုင်နှုန်းနီးပါးမှာ စနစ်တကျ စီစဉ်ထားခြင်းမရှိသေးသဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်မှုများအတွက် စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်အတွင်း ကီလိုမီတာပေါင်း ၁၃၇ ရှိသည့်လမ်းများ အသစ်တည်ဆောက်ခဲ့ပြီး ၉၁ ကီလိုမီတာကို ပြန်လည်ပြင်ဆင်ခဲ့သည်။

နောက်ထပ် ၇၂ ကီလိုမီတာကိုလည်း ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ လွန်ခဲ့သည့် လေးနှစ်ခွဲကာလအတွင်း မြို့တော်အတွင်းရှိ လမ်းများကို ၄၅၀ ကီလိုမီတာ တိုးချဲ့ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။

ကဘူးလ်ဒေသခံများအတွက် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းရန် အဆိုပါစီမံကိန်းများက အစိုးရ၏ ကတိကဝတ်ကို မီးမောင်းထိုးပြလျက်ရှိသည်။

**ဆင်ဟွာ**

# အီဂျစ်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးများ ဒေသတွင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ကိုင်ရို မေ ၁၂**

အီဂျစ်နိုင်ငံခြားရေး ဝန်ကြီး ဘာဒါ အဗ္ဗဒါလာတီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး အီဗက် ကူးပါးတို့သည် မေ ၁၁ ရက် ပြုလုပ်ခဲ့သည့် ဖုန်းခေါ်ဆိုမှုအတွင်း ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အီဂျစ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံခြားရေး ဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် ရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများကို တိုးမြှင့်ရန် ကတိကဝတ်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်မှုများနှင့် အကြံပြုချက်များကိုထိန်းသိမ်းရန် နှစ်ဦးစလုံး သဘောတူခဲ့ကြပြီး နှစ်နိုင်ငံကြား ရင်းနှီးသော ဆက်ဆံရေးကို ထောက်ရှုကာ တင်းမာမှုများ လျှော့ချရန်နှင့်ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း သိရသည်။

ထုတ်ပြန် ကြေညာချက်အရ လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများကို ဖြေရှင်းရန် သံတမန်ရေးရာ လမ်းကြောင်း ဦးစားပေးမှုသည်သာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု အီဂျစ်နိုင်ငံ၏ ရပ်တည်ချက်ကို အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါ အဗ္ဗဒါလာတီက ထပ်လောင်း အတည်ပြုခဲ့သည်။

**ဆင်ဟွာ**

# မိုင်းယောင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ ထမနဲသင်္ကြန်၊ လက်ဖက်သင်္ကြန်နှင့် ကော်ဖီသင်္ကြန်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက နှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပသည့် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲ စသည့်လူငယ်နှင့် သင်္ကြန်ပွဲအကြောင်းကို ဟောပြောခဲ့သည်။ **ဝေဝေခိုင်(ပြန်/ဆက်)**

# အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသော လူနာများအား ကုသပေးနိုင်ရေး ဖြူးပြည်သူ့ဆေးရုံ၌ ပြင်ဆင်ထားရှိ

**ဖြူး မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ပူပြင်းသည့် နွေရာသီကာလ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများဖြင့် ပြည်သူ့ဆေးရုံသို့



လာရောက်ပြသသော လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောက်ရွက်လျက်ရှိသည်။

ဖြူးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဇေယျဝတီ၊ ကညွတ်ကွင်း၊ ညောင်ပင်သာတိုက်နယ်ဆေးရုံများ၌ ဧပြီလပထမပတ်မှ စတင်၍ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော လူနာများရောက်ရှိလာပါက လေအေးခန်းများတွင် လူနာများလက်ခံကုသပေးနိုင်ရန် ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ဆားထုပ်များ၊ ရေပန်ကာများ၊ ရေပက်တိုက်ရန် ရေဇလုံနှင့် အဝတ်များ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ လူနာများအား ကျန်းမာရေးပညာပေးခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဖြူးဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

**ကျိုင်းတုံ မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မွမ်းမံ)သင်တန်းဆင်းပွဲကို ယနေ့တွင် ကျိုင်းတုံ ဂိုဏ်းအုပ် ကက်သလစ်သာသနာ ကျောင်းတိုက်၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း အမျိုးသား၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ မူကြိုပညာရပ်ဖြင့် အိုးမကွာ၊ အိမ်မကွာ မိမိအိမ်၌ပင် မူကြိုကျောင်းဖွင့်လှစ်နိုင်ရန်၊ ရင်သွေးငယ်များကို ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ နည်းလမ်းများဖြင့် ပြုစုပေးနိုင်ရန် သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး တက်ရောက်ပြီး မေ ၇ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**

**(ပြန်/ဆက်)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



# ဇီးကုန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဇီးကုန်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်း၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ယမန်နေ့က ဇီးကုန်းမြို့နယ် စည်ပင်သာယာဈေးကြီး၌ ဈေးသူဈေးသားများ၊ လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေး ဆောင်ရွက်သည်။

လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဝေါမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဝေါ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့မဈေးအတွင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က အပူဒဏ်အကြောင်း သိကောင်းစရာများ၊ လိုက်နာရန်အချက်များ၊ ရှောင်ရန်အချက်များကို ပြောကြားသည်။

ထို့နောက် ဟောပြောပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ကျောက်ကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက ဝန်ထမ်းများအား မြန်မာ့ရိုးရာ မဟာသင်္ကြန်နှစ်ကူး ကာလအမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary(သို့) ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်စာ)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"
- ( ခ ) "လွယ်လွယ်နဲ့ရသုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ် တားဆီးမှ"
- ( ဂ ) "မူးယစ်ကင်းစင်-တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"
- (ဃ) "နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"
- ( င ) "ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"
- ( စ ) "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့"

  "Break the Cycle. #StopOrganizedCrime" (UN ဆောင်ပုဒ်)

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး**စာမူကို A 4 စာရွက်၏ တစ်ဖက် (စာတစ်မျက်နှာ)တွင် သပ်ရပ်စွာ လက်ရေးမူဖြင့်ရေး၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် (သို့မဟုတ်) ကွန်ပျူတာစာစီ၍ ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀၀ အတွင်းဖြစ်သည်။ ပြိုင်ပွဲဝင်ဝတ္ထုတွင် ပေးအပ်ထားသော ဆောင်ပုဒ်များကို အကျုံးဝင်ဖော်ဆောင်နိုင်သည့် ဝတ္ထုခေါင်းစဉ်တပ်နိုင်သည်။

(၃) **ကဗျာ**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀)အတွင်း ရှိရမည်။

(၄) **တေးသီချင်း**သည် မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေး နှစ်သက်ရာခေါင်းစဉ်ဖြင့် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင်နှင့်အတူ အသံအရည်အသွေးကောင်းမွန်သော သီချင်း CD ခွေတို့ကို ပေးပို့ရမည်။

(၅) **ဓာတ်ပုံ**သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 8'' x 10'' အရွယ် အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 8'' x 12'' ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) **Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)**သည် ၂ မိနစ်မှ ၃ မိနစ်ခန့် အထိရှိပြီး ရဲဝန်ထမ်း၊ ပြည်သူ့အကျိုးပြုလူငယ်လူရွယ်များ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတားဆီးမှုများကို သိရှိစေရန် ရည်ရွယ်ချက်ပါရှိရမည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာ၊ ဟန်းဖုန်းတို့ဖြင့် ရိုက်ကူး၍ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အများပြည်သူတို့ သင်ခန်းစာရစေနိုင်သော၊ နိုင်ငံကိုအကျိုးပြုသော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပညာပေးအကြောင်းအရာများကို ပေါ်လွင်အောင် ရိုက်ကူးရပါမည်။ မည်သူမဆို ပါဝင်သရုပ်ဆောင်ခွင့်ရှိပြီး လူငယ်များ လောကနီတိနှင့်အညီ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ Artificial Intelligence (AI) နည်းပညာအသုံးပြုခွင့်မရှိပါ။ ဆုရရှိသည့် ပညာပေးဇာတ်လမ်းတို (Short Film) အား အစိုးရပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV – 4 နှင့် Sky Net အစရှိသော ရုပ်သံသတင်းဌာနများတွင် ထုတ်လွှင့်ပြသသွားပါမည်။

(၇) **ကွန်ပျူတာပိုစတာ**သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့် ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက် (Landscapes) ရေးဆွဲပေးပို့ရပါမည်။ ပြိုင်ပွဲဝင်များ၏ ကိုယ်တိုင်တွေးခေါ် စဉ်းစားမှုဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုများကို ဦးစားပေး အကဲဖြတ်မည်ဖြစ်သောကြောင့် Artificial Intelligence (AI) ဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အပြည့်အစုံသော်လည်းကောင်း ပြုလုပ်ထားလျှင် လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၈) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများ**ကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 5) အထိ အလယ်တန်းအဆင့် (Grade 6 – Grade 9)နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15''– 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ (သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၉) **ကွန်ပျူတာပန်းချီပြိုင်ပွဲ**ကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ မူလတန်းအဆင့် ကျောင်းသား/ သူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မဖြစ်စေရ။ Software Programme ကို Corel draw ၊ Photoshop၊ Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူ တစ်စောင်၊ တေးသီချင်း ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) **ဓာတ်ပုံ**ပြိုင်ပွဲဝင် တစ်ဦးလျှင် 8'' x 10'' – 8'' x 12'' အတွင်း လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦး လျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film) ပြိုင်ပွဲတွင် ဇာတ်လမ်းတိုအား အနည်းဆုံး ၂ မိနစ်မှ ၃ မိနစ်ခန့်အထိ ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာတို့ဖြင့် ရိုက်ကူး၍ မည်သူမဆို ပါဝင်သရုပ်ဆောင်ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၂) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၃) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကိုတာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁ ၇၅၀၅၂၆၀ ဖြစ်ပါသည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | | |
|---|---|---|
| (က) | တေးသီချင်း | ၁၁-၅-၂၀၂၆ |
| ( ခ ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၁-၅-၂၀၂၆ |
| ( ဂ ) | ကွန်ပျူတာပိုစတာ | ၃-၆-၂၀၂၆ |
| (ဃ) | ဓာတ်ပုံ | ၂-၆-၂၀၂၆ |
| ( င ) | Documentary(သို့)ပညာပေး ဇာတ်လမ်းတို(Short Film) | ၃-၆-၂၀၂၆ |
| ( စ ) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၅-၆-၂၀၂၆ |
| (ဆ) | ကွန်ပျူတာပန်းချီ | ၉-၆-၂၀၂၆ |

(၁၆) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ ပြိုင်ပွဲတစ်ခုတွင် ဆု ၆ ဆု ချီးမြှင့်မည်ဖြစ်သော်လည်း အရေအတွက် မပြည့်မီပါက အဆင့်မီသူများကိုသာ အကဲဖြတ်အဖွဲ့မှ ရွေးချယ်ပေးပြီး ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၇) ပြိုပွဲဝင် စာမူများ၊ လက်ရာများနှင့် ဇာတ်လမ်းတိုများကို မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မီဒီယာများတွင် ထုတ်လွှင့်ခြင်းများ ဆောင်ရွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

(၁၈) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၉) ပြိုင်ပွဲအားလုံးတွင် Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း အသုံးပြု၍ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ။ အဆိုပါနည်းပညာကို အသုံးပြုပြီး ဖန်တီးထားသည့် ပြိုင်ပွဲဝင်လက်ရာများကိုလည်း ပြိုင်ပွဲတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အသိပညာပေးလုပ်ငန်းများအတွက် ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# စိုက်ပျိုးရေးအင်အားဖြင့် နိုင်ငံတော်စီးပွားကို မြှင့်တင်ခြင်းနှင့် သဘာဝမြေဩဇာအသုံးချမှု ကဏ္ဍသစ်ဆီသို့ ...

လွန်းပိုးအိမ်

မြန်မာနိုင်ငံ၌ ရှေးပဝေသဏီကပင် စိုက်ပျိုးရေးကို အခြေခံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေသည့်အားလျော်စွာ “စိုက်ပျိုးရေးက နိုင်ငံ၏ အသက်သွေးကြော”ဟုဆိုလျှင် မမှားနိုင်ပေ။ ခေတ်အဆက်ဆက်ပြောင်းလဲလာသော ကမ္ဘာ့စီးပွားရေး ရေစီးကြောင်းတွင် နိုင်ငံ၏ ရေမြေတောတောင် သယံဇာတများကို ထိရောက်စွာအသုံးချလျက် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် စားရေရိက္ခာဖူလုံမှုကို ခိုင်မာစေသည့် အဓိက သော့ချက်ဖြစ်သည်။

> ❑ ဓာတုကြွင်းကျန်ရစ်မှုကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းစားရေရိက္ခာ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရုံသာမက ကျန်းမာသန့်စွမ်းသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်
>
> ❑ နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး၏ တက်ကြွသောပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီး

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီစိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်ရာတွင် သွင်းအားစုစရိတ်များလျှော့ချနိုင်ရေး၊ ပြည်ပမှ တင်သွင်းရသော ဓာတ်မြေဩဇာ အစားထိုးနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် “သဘာဝမြေဩဇာ အသုံးချမှုကဏ္ဍသစ်”တစ်ရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### စိုက်ပျိုးရေးသည် နိုင်ငံတော်၏ ကျောရိုးဖြစ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးပုံစံသည် စိုက်ပျိုးရေးကိုအခြေခံသည့် အဆောက်အအုံဖြစ်ပြီး နိုင်ငံသားအများစုမှာ ကျေးလက်ဒေသတွင် မှီတင်းနေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းက နိုင်ငံတော်၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP)ကို တိုက်ရိုက်အထောက်အကူပြုရုံသာမက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဝယ်လိုအားကို မြှင့်တင်ပေးနိုင်သည့် အဓိကအင်အားစုကြီးလည်း ဖြစ်သည်။

### စက်သုံးဆီ လုံလောက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ

ခေတ်မီစိုက်ပျိုးရေးစနစ်တွင် လယ်ယာသုံးစက်ကိရိယာများသည် မရှိမဖြစ်အရေးပါလာသည်နှင့်အမျှ စက်သုံးဆီလုံလောက်စွာရရှိရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်လာပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်စေရန် စက်သုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူးပေးနိုင်ရေးအတွက် အထူးစီမံချက်များချမှတ်ကာ နေ့ညမပြတ် ကြိုးကြပ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

### သွင်းအားစုစရိတ် လျှော့ချရေး မဟာဗျူဟာ

တောင်သူလယ်သမားများ၏ အသားတင်အမြတ်ငွေတိုးပွားလာစေရန်အတွက် စိုက်ပျိုးစရိတ် သို့မဟုတ် သွင်းအားစုစရိတ် လျှော့ချရန်မှာ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ပြည်ပမှတင်သွင်းရသည့် ဓာတ်မြေဩဇာများမှာ ဈေးနှုန်းမတည်ငြိမ်မှုနှင့် ကြုံတွေ့ရလေ့ရှိသဖြင့် မိမိတို့နိုင်ငံအတွင်းရှိ သယံဇာတများကို အသုံးပြုကာ သွင်းအားစုများကို ကိုယ်တိုင်ထုတ်လုပ်သုံးစွဲခြင်းဖြင့် စိုက်ပျိုးစရိတ်ကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။

### သဘာဝမြေဩဇာ ကဏ္ဍသစ်ဆီသို့ ခြေလှမ်းခြင်း

ဓာတုမြေဩဇာများကို အစဉ်တစိုက် အလွန်အကျွံသုံးစွဲခြင်းက ရေရှည်တွင် မြေဆီလွှာ၏ သဘာဝဂုဏ်သတ္တိများကို ပျက်စီးစေပြီး အထွက်နှုန်းကျဆင်းမှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် မြေဆီလွှာအာဟာရကို သဘာဝအတိုင်း ပြန်လည်ဖြည့်တင်းပေးနိုင်သည့် သဘာဝမြေဩဇာ အသုံးချမှုစနစ်သည် ခေတ်သစ်စိုက်ပျိုးရေး၏ ကဏ္ဍသစ်တစ်ရပ်အဖြစ် မဖြစ်မနေကူးပြောင်းရမည့် လမ်းစဉ်ဖြစ်လာပါသည်။

### စက်သုံးဆီ တင်သွင်းမှုအပေါ် အခွန်အခ လျှော့ပေါ့ပေးခြင်း

ပြည်တွင်းကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းညှိနိုင်ရန်နှင့် စိုက်ပျိုးထုတ်လုပ်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် စက်သုံးဆီ တင်သွင်းမှုအပေါ်တွင် စည်းကြပ်သည့် အခွန်အခများကို နိုင်ငံတော်က အတတ်နိုင်ဆုံး လျှော့ပေါ့စဉ်းစားပေးလျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ကုန်ကျစရိတ်များ သက်သာလာပြီး အခြေခံပြည်သူများ၏ စားဝတ်နေရေးကို တိုက်ရိုက်အကျိုးပြုစေပါသည်။

### ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် သယ်ယူပို့ဆောင်ရေး

ကုန်စည်စီးပွားလည်ပတ်မှုတွင် သယ်ယူပို့ဆောင်ရေးစရိတ်သည် ကုန်ဈေးနှုန်းအပေါ် များစွာသက်ရောက်မှုရှိသဖြင့် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်သည့် မီးရထားပို့ဆောင်ရေးစနစ်ကို ပိုမိုအားကောင်းအောင် တည်ဆောက်ရမည်ဖြစ်ပါသည်။ မီးရထားဖြင့် ကုန်စည်များကို အစုလိုက်အပြုံလိုက် သယ်ယူခြင်းက စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်သည့်အပြင် ကုန်စည်စီးဆင်းမှုကိုလည်း ပိုမိုမြန်ဆန်ချောမွေ့စေပါသည်။

### လျှပ်စစ်ယာဉ် (EV) ကဏ္ဍနှင့် စိုက်ပျိုးရေး

နိုင်ငံတကာ နည်းပညာအပြောင်းအလဲနှင့်အညီ လျှပ်စစ်ယာဉ် (EV) များတင်သွင်းသုံးစွဲမှုကို အားပေးခြင်းက စက်သုံးဆီအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်မည့် အနာဂတ်မျှော်မှန်းချက် ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများတွင်ပါ လျှပ်စစ်စွမ်းအင်ကို အစားထိုးအသုံးချနိုင်ခြင်းဖြင့် လယ်ယာကဏ္ဍတွင် စွမ်းအင်ကုန်ကျစရိတ် သုညနီးပါးအထိ လျှော့ချနိုင်မည့်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

### ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေး

ပြည်ပမှတင်သွင်းရသော ကုန်စည်များကို လျှော့ချပြီးပြည်တွင်း၌ အောင်မြင်အောင်ထုတ်လုပ်နိုင်သည့် စွမ်းအားကို တည်ဆောက်ရမည်ဖြစ်ရာ ဓာတ်မြေဩဇာအစားထိုး သဘာဝမြေဩဇာများ၊ တိရစ္ဆာန်အစာနှင့် အခြားစိုက်ပျိုးရေး သွင်းအားစုများကို ပြည်တွင်း၌ အရည်အသွေးမီထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေယိုစီးမှုကိုလည်း ဟန့်တားနိုင်မည်ဖြစ်ပါသည်။

### မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်းနှင့် အာဟာရဖြည့်တင်းခြင်း

သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်မှာ မြေဆီလွှာ၏ လိုအပ်ချက်ကိုသိရှိရန် အလွန်အရေးကြီးသဖြင့် ခေတ်မီဓာတ်ခွဲခန်းများဖြင့် မြေဆီလွှာကို စနစ်တကျစစ်ဆေးရမည်ဖြစ်ပါသည်။ ထိုသို့စစ်ဆေးပြီးနောက် မြေဆီလွှာ၏အားနည်းချက်အလိုက် လိုအပ်သော သဘာဝအာဟာရဓာတ်များကို ဖြည့်တင်းပေးခြင်းဖြင့် မြေဆီလွှာကိုပိုမိုရှင်သန်စေကာ သီးနှံအထွက်နှုန်းကို သိသိသာသာတိုးတက်စေမည်ဖြစ်ပါသည်။

### မွေးမြူရေးကို အခြေခံသော စိုက်ပျိုးရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ခွဲခြား၍ မရသော လုပ်ငန်းနှစ်ရပ်ဖြစ်ပြီး မွေးမြူရေးမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများသည် သဘာဝမြေဩဇာအတွက် အကောင်းဆုံးကုန်ကြမ်းများ ဖြစ်ကြပါသည်။ နွားချေး၊ ကြက်ချေးနှင့် အခြားစိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို စနစ်တကျ အချဉ်ဖောက်ကာ ဇီဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် အလွန်တန်ဖိုးရှိသော သွင်းအားစုများကို ရရှိစေနိုင်ပါသည်။

### ရေအရင်းအမြစ်ကို ထိရောက်စွာ အသုံးချခြင်း

စိုက်ပျိုးရေးတွင် ရေသည် အသက်ဖြစ်သဖြင့် ရှိပြီးသား ရေအရင်းအမြစ်များကို အလေအလွင့်မရှိဘဲ ထိရောက်စွာ အသုံးချနိုင်မည့်စနစ်များကို ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ဆိုလာစနစ်သုံး ရေတင်ခြင်းနှင့် အစက်ချရေပေးခြင်းကဲ့သို့သော စရိတ်သက်သာပြီး ထိရောက်သည့် နည်းပညာများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခြင်းဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်မှုကို အာမခံနိုင်မည် ဖြစ်ပါသည်။

### နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများ

ရိုးရာစိုက်ပျိုးရေးစနစ်မှ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများ၏ အသိပညာဗဟုသုတသည် အဓိကကျသဖြင့် ကွင်းဆင်းပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သဘာဝမြေဩဇာကို အချိုးကျစပ်ဟပ်နည်း၊ ပိုးမွှားကာကွယ်နည်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူများကျွမ်းကျင်စွာ အသုံးချနိုင်ရန် လေ့ကျင့်သင်တန်းပေးမှုများ တိုးမြှင့်လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။

### မျိုးကောင်းမျိုးသန့် ရရှိရေး

သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အခြေခံအကျဆုံးအချက်မှာ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေးပင်ဖြစ်ပါသည်။ နိုင်ငံရှိသုတေသနဌာနများမှ ဖော်ထုတ်ထားသော ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးစေ့များကို တောင်သူများ လွယ်လွယ်ကူကူနှင့် ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်း အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

### MSMEs ကဏ္ဍနှင့် စိုက်ပျိုးရေး

စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအတိုင်းရောင်းချခြင်းထက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)မှ တစ်ဆင့် တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းက ပိုမိုအကျိုးအမြတ်များစေပြီး ဤသို့ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းထုတ်ကုန်များ၏တန်ဖိုးကို မြှင့်တင်နိုင်သည့်အပြင် ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုစေပါသည်။

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဓာတုပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်းသည် စိုက်ပျိုးမြေများ၏ သဘာဝဂေဟစနစ်ကို ပြန်လည်ကောင်းမွန်လာစေပြီး မြေအောက်ရေကိုလည်း သန့်စင်စေပါသည်။ သဘာဝမြေဩဇာ အသုံးပြုသော စိုက်ပျိုးရေးစနစ်သည် ရေရှည်တည်တံ့သောလယ်ယာမြေများကို ဖန်တီးပေးခြင်းဖြစ်သဖြင့် နောင်လာနောက်သားများအတွက် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို အမွေပေးနိုင်မည်ဖြစ်ပါသည်။

### ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး

ကမ္ဘာ့ဈေးကွက်တွင် ဘေးအန္တရာယ်ကင်းရှင်းသော အော်ဂဲနစ်ထုတ်ကုန်များကို အလေးထားဝယ်ယူလာကြသဖြင့် သဘာဝမြေဩဇာသုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းသည် ပို့ကုန်ကဏ္ဍအတွက် အခွင့်အလမ်းသစ်ဖြစ်သည်။ အရည်အသွေးမြင့်မားပြီး ဓာတုကင်းစင်သည့် မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

### အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း

စိုက်ပျိုးရေးကဏ္ဍတွင် သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးခြင်းပင် ဖြစ်ပါသည်။ ဤသို့ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းဖြင့် မြို့ပြသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုကို လျှော့ချနိုင်ပြီး ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။


### စားရေရိက္ခာ ဘေးကင်းလုံခြုံမှု

ပြည်သူများ၏ ကျန်းမာရေးသည် စားသုံးသည့် အစားအသောက်အပေါ်တွင် များစွာတည်မှီနေသဖြင့် ဘေးအန္တရာယ်ကင်းရှင်းသည့် စိုက်ပျိုးရေးနည်းစနစ် (GAP)ကို ကျင့်သုံးရန် လိုအပ်ပါသည်။ ဓာတုကြွင်းကျန်ရစ်မှုကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းစားရေရိက္ခာ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရုံသာမက ကျန်းမာသန့်စွမ်းသော လူ့ဘောင်အဖွဲ့အစည်းကိုတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

### ပြည်သူပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး၏ တက်ကြွသောပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးသည်။ အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ စိုက်ပျိုးရေးကဏ္ဍ၏ ရည်မှန်းချက်ပန်းတိုင်များကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

ဆိုရပါလျှင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍ၏ အောင်မြင်မှုအပေါ် များစွာမှီခိုလျက်ရှိပါသည်။ စက်သုံးဆီနှင့် သွင်းအားစုစရိတ်များ လျှော့ချနိုင်ရေး၊ သဘာဝမြေဩဇာများကို ထိရောက်စွာအစားထိုး အသုံးပြုရေးနှင့် ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရေးတို့သည် ယနေ့ခေတ်၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအင်အားသည် နိုင်ငံတော်စီးပွားရေးကို မြှင့်တင်ပေးမည့်အင်အား အစစ်အမှန်အဖြစ် သမိုင်းကဏ္ဍသစ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ ဒီတစ်ပတ်ဖော်ပြပေးသွားမယ့်အကြောင်းအရာကတော့ Pronoun (နာမ်စား) အကြောင်းဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about warnings–I (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

# GRAMMAR

## Basic to Intermediate

**Exercise (1)မှ အဖြေများ**

1. Fathers enjoy their children's talk.
2. Men's duty is to earn a living for their families.
3. Students should not leave the rooms without the teachers' permission.
4. Our neighbours' dogs bark at strangers.
5. Their daughters' conduct shocks them.
6. The boys' bicycles are broken.
7. My cousins' books are expensive.
8. The men's cars are at the repair shop.
9. The women's hairdressers are here.
10. The babies' pacifiers are lost.

**Exercise (2)မှ အဖြေများ**

1. I borrow my friend's correction pen.
2. The soccer player's right leg was injured.
3. Have you read General Aung San's life–story?
4. Have you seen Nay Toe's latest film?
5. We study the Aspect of Myanmar at university.

**Pronoun(နာမ်စား)**

နာမ်စား (pronoun) ဆိုသည်မှာအဘယ်နည်း။

နာမ်စား(pronoun) ဆိုသည်မှာ နာမ်(noun) နေရာတွင် အစားထိုးသုံးသော စကားလုံးကို နာမ်စား (pronoun) ဟု ခေါ်သည်။ ဝါကျတွင် မလိုအပ်ဘဲ စကားလုံးများ ထပ်ကာထပ်ကာ သုံးစွဲခြင်းကို ရှောင်ရှားစေနိုင်ရန်အတွက် နာမ်စား (pronoun)များကို သုံးသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များအရ နာမ်စား (pronoun) အမျိုးအစားပေါင်း အတော်များများရှိသည်။

**Kinds of Pronouns (နာမ်စားအမျိုးအစားများ)**

- Personal Pronoun (ပုဂ္ဂိုလ်ပြနာမ်စား)
- Impersonal Pronoun (သဘာဝသဘောတရားပြနှင့် သီးခြားအပိုဖော်ပြနာမ်စား)
- Reflexive Pronoun (တုံ့ပြန်မှုပြနာမ်စား)
- Demonstrative Pronoun (ညွှန်ပြနာမ်စား)
- Distributive Pronoun (ခွဲဝေမှုပြနာမ်စား)
- Numerical Pronoun(ရေတွက်ရနာမ်များ၏ အရေအတွက်ပြနာမ်စား)
- Indefinite Pronoun (မတိကျသောနာမ်စား)
- Interrogative Pronoun (အမေးနာမ်စား)
- Relative Pronoun (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စား)
- Reciprocal Pronoun (အပြန်အလှန်သုံးသော နာမ်စား)

**Personal Pronoun (ပုဂ္ဂိုလ်ပြနာမ်စား)**

ပုဂ္ဂိုလ်များကို ကိုယ်စားပြုဖော်ပြသုံးနှုန်းသော နာမ်စားများကို ပုဂ္ဂိုလ်ပြနာမ်စား သို့မဟုတ် ပုဂ္ဂလနာမ်စား (personal pronoun) ဟုခေါ်သည်။ စကားပြောဆိုရာတွင် နာမ်များ၏ နေရာကို အစားဝင်ယူသွားသော စကားလုံးများသည် ပုဂ္ဂလနာမ်စားများဖြစ်သည်။ စကားပြောသည့် နေရာတွင် ပုဂ္ဂိုလ်သုံးမျိုး ရှိသည်။

1. The First Person = The person speaking (I, we)
   ပထမပုဂ္ဂိုလ် စကားပြောနေသူ
2. The Second Person = The person spoken to (you)
   ဒုတိယပုဂ္ဂိုလ် နားထောင်နေသူ
3. The Third Person = The person spoken about(he, she, it, they)
   တတိယပုဂ္ဂိုလ် အပြောခံရသူ

Jane: Did you meet Rachel yesterday?

Marilyn: No, I did not meet her. She did not turn up.

နာမ်စား (Pronoun)များဖြစ်သည့် I, you, she တို့ကို Subject လိုမျိုး သုံးသည့်အတွက် ၎င်းတို့ကို Subjective Case သို့မဟုတ် Nominative Case ဟု ခေါ်သည်။

နာမ်စား (Pronoun) များဖြစ်သည့် me, her, his တို့ကို Object လိုမျိုး သုံးသည့်အတွက် ၎င်းတို့ကို Objective Case ဟု ခေါ်သည်။

နာမ်စားတစ်ခုသည် ၎င်းကို ကိုယ်စားပြုသည့် ကိန်း၊ ပုဂ္ဂိုလ်၊ လိင်နှင့် ကိစ္စဟုခေါ်သည့် (case) တို့နဲ့ သဘောတရားချင်း တူရမည်ဖြစ်သလို ကိုက်လည်း ကိုက်ညီရမည်ဖြစ်သည်။ တစ်ခုကိန်း–တစ်ခုကိန်းချင်း၊ အများကိန်း–အများကိန်းချင်း၊ အထီး–အထီးချင်း၊ အမ–အမချင်း၊ ကတ္တားနေရာဖြစ်လျှင် ကတ္တားအသွင်၊ ကံနေရာ ဖြစ်လျှင် ကံအသွင်၊ ပိုင်ဆိုင်မှုကို ပြလိုလျှင် ပိုင်ဆိုင်မှုအသွင်တို့ကို သုံးရမည်။ ဥပမာ။

- I am talking. You are listening.
- We are talking about her.
- Her name is Mya Mya. Her brother is Nyi Nyi.
- He and his sister are very good–natured.
- They have a big dog. It wags its tail if you called it Aung Nat.

နာမ်ကဲ့သို့ပင် နာမ်စားတွင်လည်း ကိစ္စဟုခေါ်သည့် (case) ရှိသည်။ နာမ်စားတစ်ခု၏ ကိစ္စဟုခေါ်သည့် (case)သည် နာမ်၏ ကိစ္စဟုခေါ်သည့် (case) နှင့် အတူတူပင်ဖြစ်သည်။

ဆိုလိုသည်မှာ ကတ္တားကိစ္စ (Subject Case)၊ ပိုင်ဆိုင်မှုပြကိစ္စ (Possessive Case)၊ ကံကိစ္စ(Object Case)တို့ဖြစ်သည်။ သို့သော်လည်း နာမ်စားတစ်ခုတွင် ကိစ္စ(Case)တစ်ခုချင်းစီအတွက် မတူညီသော ပုံစံအမျိုးမျိုးရှိသည်။

ပိုင်ဆိုင်မှုပြကိစ္စ(Possessive Case)တွင် ပုံစံနှစ်မျိုးရှိသည်။ ၎င်းတို့မှာ ပိုင်ဆိုင်မှုပြနာမဝိသေသန (Possessive Adjective) နှင့် ပိုင်ဆိုင်မှုပြနာမ်စား (Possessive Pronoun) တို့ဖြစ်ကြသည်။ ပိုင်ဆိုင်မှုပြနာမဝိသေသန (Possessive Adjective)သည် နာမ်(Noun)ကို အထူးပြုသည်။ ထို့ကြောင့် နာမ်(Noun)နှင့် ယှဉ်တွဲရေးသားရသည်။ ပိုင်ဆိုင်မှုပြနာမ်စား (Possessive Pronoun) သည် သူ့ချည်းသက်သက် ရပ်တည်နိုင်သည်။ ဥပမာ။

- This is my book. အဆိုပါဝါကျတွင် "my"သည် ပိုင်ဆိုင်မှုပြနာမဝိသေသန (Possessive Adjective) ဖြစ်ပြီး အနောက်က စာအုပ် (book) ဆိုသည့် နာမ်(Noun)ကို အထူးပြုသည်။
- This book is mine. အဆိုပါဝါကျတွင် "mine" သည် ပိုင်ဆိုင်မှုပြနာမ်စား (Possessive Pronoun)ဖြစ်ပြီး မည်သူ့ကိုမျှ အထူးပြုစရာမလိုအပ်ဘဲ ကျွန်ုပ်၏စာအုပ်(my book)ဆိုသည့် နာမ် (Noun)အတွက် သီးသန့်ရပ်တည်သည်။

ကံကိစ္စ(Object Case)ရှိ နာမ်စားတွင်လည်း ပုံစံနှစ်မျိုးရှိသည်။ ၎င်းတို့မှာ ရိုးရိုးပုံစံ(simple form)နှင့် ကိုယ်တိုင်ပြုလုပ် ကိုယ်တိုင်ခံပုံစံ (reflexive form)တို့ ဖြစ်ကြသည်။ ရိုးရိုးပုံစံ (simple form) ဆိုသည်မှာ ရိုးရိုးကံပုဒ် (object)ကို ဆိုလိုသည်။ ကိုယ်တိုင်ပြုလုပ် ကိုယ်တိုင်ခံပုံစံ (reflexive form)ဆိုသည်မှာ ကတ္တားပုဒ် (subject) နှင့် ကံပုဒ်(object) တို့သည်တစ်ဦးတည်းကို ရည်ညွှန်းပြီး ပြုလုပ်သူနှင့် ခံရသူ အတူတူပင်ဖြစ်သည်။ ဥပမာ။

- John saw me in a bus. အဆိုပါ ဝါကျတွင် "me" သည် ရိုးရိုးကံပုဒ် (simple object or ordinary object) ဖြစ်သည်။
- I saw myself in the mirror. အဆိုပါဝါကျတွင် "myself" သည် ကိုယ်တိုင်ပြုလုပ် ကိုယ်တိုင်ခံပုံစံ (reflexive form)ပင်ဖြစ်သည်။

## VOCABULARY ENRICHMENT PROGRAMME

1. **to have a sweet tooth = (အချိုကြိုက်သည်။)**
   She has a sweet tooth; she can't resist chocolate cake and peppermint creams.
   သူ (မ)က အချိုကြိုက်တယ်။ ချောကလက်ကိတ်နဲ့ ပက်ပါမင့်အနံ့ခရင်တွေကို သူ(မ) လုံးဝမရှောင်ဘူး။
2. **out of this world = (အရမ်းထူးခြားပြီး အံ့သြစရာကောင်းတယ်။ မထင်မှတ်လောက်အောင် ကောင်းတယ်။)**
   The food is out of this world.
   အစားအစာက မထင်မှတ်လောက်အောင် အလွန်အရသာရှိတယ်။ အလွန်ကောင်းတယ်။
3. **sink my teeth into = (စိတ်ဝင်စားပြီး အားထုတ်လုပ်နိုင်တယ်။)**
   I can sink my teeth into.
   ဒီဟာကို အပြည့်အဝအာရုံစိုက်ပြီး အားထုတ်လုပ်နိုင်တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## How to talk about warnings –I (သတိပေးတာကိုဘယ်လိုပြောမလဲ။)

*I wouldn't ... if I were you*
*I wouldn't ...*
*I don't think you should ...*
*Don't ...*
*Don't .... whatever you do...*

၁။ တစ်စုံတစ်ယောက်ကို ဘာမလုပ်နဲ့ဆိုပြီး သွယ်ဝိုက်သတိပေးတဲ့အခါမှာ I wouldn't ... if I were you ဆိုပြီး ပြောနိုင်ပါတယ်။ ဒီအသုံးအနှုန်းမှာတော့ ဘာကြောင့်မလုပ်နဲ့ဆိုတဲ့အပေါ် အကြောင်းပြချက် ဖော်ပြနိုင်ပြီး အရပ်သဘောဆန်ဆန် သုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "ငါသာ မင်းနေရာမှာဆိုရင် ငါလုပ်မှာမဟုတ်ဘူးဆိုတဲ့"သဘောပါ။ ဥပမာ။

- I wouldn't buy a car from that garage if I were you, Jim. Bob bought one which stopped going as soon as he got it home.
  Thanks for telling me, Mike. I'll go somewhere else then.
- I wouldn't lend Jim money if I were you. I lent him some two years ago and he still hasn't paid it back.
  Is that so? Then I'm certainly not going to lend him any.
- I wouldn't rent a flat in that area if I were you. It's not safe there after dark.
  I didn't know that. I certainly won't buy a flat there.

**ဘာသာစကားရှုထောင့်**

**တစ်ခါတစ်ရံမှာ If I were you မပါဘဲ I wouldn't...ဆိုပြီးတော့လည်း သုံးနိုင်ပါတယ်။ ဥပမာ။**

- I wouldn't take your car into the town centre. It's almost impossible to park and parking places are very expensive.
  If that's the case, I'll take the bus.
- I wouldn't go there at this time of year. It's likely to be unpleasantly hot.
  That won't put me off. I love the heat.

၂။ နောက်တစ်ခုခု မလုပ်ဖို့ သွယ်ဝိုက်သတိပေးတဲ့အခါမှာ အပြောများတဲ့ ပုံစံတစ်မျိုးကတော့ I don't think you should... ပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့"မင်းလုပ်သင့်တယ်လို့ ငါတော့မထင်ဘူး" ဆိုတဲ့ သဘောပဲဖြစ်ပါတယ်။ ဥပမာ။

- I don't think you should buy a second–hand washing machine from that shop. You won't get a guarantee with it and it might break down soon.
- I don't think you should spend such a lot of money on a dress for Jane's wedding. You'll have money left to buy shoes and a bag.
  You're probably right, but I'm going to buy it anyway. It's gorgeous.
- I don't think you should go to that nightclub. It has a reputation for supplying drugs.
  I didn't know that! I'm not going to go near it.

၃။ တိုက်ရိုက်သတိပေးတဲ့အခါ သုံးတဲ့အသုံးတွေအနေနဲ့ ပထမဆုံးဖော်ပြမယ့် စကားစုကတော့ don't... ပဲ ဖြစ်ပါတယ်။"မလုပ်နဲ့" ဆိုတဲ့သဘောပါပဲ။ ဥပမာ။

- Don't touch those plates. They're very hot.
- Don't go near that wall! The paint's still wet.
- Don't come in here! The floor's wet and you might slip.

**ဘာသာစကားရှုထောင့်**

**တစ်ခါတစ်ရံမှာ don't...ရဲ့နောက်မှာ whatever you do ဆိုတဲ့စကားစုကို ထည့်ပြီးပြောနိုင်ပါတယ်။ "ဘာပဲဖြစ်ဖြစ် ဒါကိုမလုပ်နဲ့"ဆိုတဲ့ သဘောပါပဲ။ ဥပမာ။**

- Don't turn that switch off, whatever you do. It switches the heating off.
- Don't ride that bike, whatever you do! The brakes are faulty.

**Conversation**

**Give someone a warning**

**Sally:** Don't come in here! I've just washed the kitchen floor and it's still wet!
**Jill:** I'll just go into the living room, then.
**Sally:** I don't think you should disturb Sam. He's studying in there.
**Jill:** I'll just go up to my room, then.
**Sally:** OK, but you don't touch the bathroom door, whatever you do. The paint's wet.

မေ ၁၄ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၂) မှ မန်ယူနဲ့ လိဒ်စ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းနှစ်သင်းတွေ ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်း ရယူသွားနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# လိဒ်စ်ရဲ့ရှန်းအားကြောင့် မန်ယူအသင်း အခက်တွေ့နိုင်



**မန်ယူ VS လိဒ်စ်** နံနက် ၁း၃၀

လိဒ်စ်အသင်းထက် မန်ယူအသင်းရဲ့ ခြေစွမ်းက တည်ငြိမ်မှုရှိတယ်။ လိဒ်စ်က ဒီရာသီလိဂ်အဝေးကွင်း ၁၅ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ မန်ယူအသင်းအနေနဲ့ လိဒ်စ်ရဲ့ ရှန်းအားကြောင့် အခက်တွေ့နိုင်သော်ငြား အိုးထရက်ဖို့ဒ်မှာ သုံးမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား

ဖာနန်ဒက်စ်
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၄

**မန်ယူရဲ့ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ကာဆယ် | ၂-၁ | မန်ယူ |
| မန်ယူ | ၃-၁ | ဗီလာ |
| ဘုန်းမောက် | ၂-၂ | မန်ယူ |

**ထိပ်တိုက်တွေ့ဆုံမှု**

နောက်ဆုံးငါးပွဲရလဒ်

| မန်ယူ | | လိဒ်စ် |
|---|---|---|
| နိုင် ၂ | သရေ ၃ | နိုင် ၀ |

အိုးထရက်ဖို့ဒ်ကွင်း၌ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးပရီမီယာလိဂ် သုံးကြိမ်တွင် နှစ်ဖက်သွင်းဂိုးပေါင်း ၁၈ ဂိုးအထိ သွင်းယူထားသည်။

■ စောင့်ကြည့်ရမယ့်ကစားသမား

ကားဗက်လီဝင်
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၁

**လိဒ်စ်ရဲ့ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ပဲလေ့စ် | ၀-၀ | လိဒ်စ် |
| လိဒ်စ် | ၀-၀ | ဘရန့်ဖို့ဒ် |
| ဝက်စ်ဟမ်း | ၂-၂ | လိဒ်စ် |



# ယူနီယံဘာလင်က ပထမဆုံးအမျိုးသမီး နည်းပြအဖြစ် အီတာကို ခန့်အပ်

မာရီလူးဝစ်အီတာသည် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ယူနီယံဘာလင်အသင်း၏ ယာယီနည်းပြအဖြစ် ရာသီကုန်အထိ ခန့်အပ်ခြင်းခံရပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အမျိုးသားအသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်သည့် ပထမဆုံးအမျိုးသမီး ဖြစ်လာခဲ့သည်။

ယူနီယံဘာလင်အသင်းသည် မေ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၉) တွင် ဟိုင်ဒင်ဟိမ်းအသင်းကို ရှုံးနိမ့်ပြီးနောက် စတက်ဖန်ဘောင်ဂါ့သ်ကို နည်းပြဖြစ်မှ ထုတ်ပယ်ကာ အီတာကို အစားထိုးခန့်အပ်လိုက်ခြင်း ဖြစ်သည်။

ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၉) အပြီးတွင် ရမှတ် ၃၂ မှတ်သာ စုဆောင်းထားနိုင်သော ယူနီယံဘာလင်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မေ ၁၈ ရက်တွင် တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် ဝုဖ်ဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## St Jakob-Park ကွင်း မီးလောင်မှုကြောင့် ဘေဆယ်နှင့် သွန်းအသင်းပွဲစဉ် ရွှေ့ဆိုင်း

ဘေဆယ်အသင်း၏ အိမ်ကွင်းဖြစ်သော St Jakob-Park ကွင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ဘေဆယ်နှင့် သွန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ဆွစ်စူပါလိဂ်ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

မေ ၁၀ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် ပထမအသင်း၏ အဝတ်လဲခန်း ပျက်စီးသွားခဲ့ပြီး အခန်းအတွင်းရှိသည့် အားကစားသမားများ၏ ဝတ်စုံများနှင့် ဘောလုံးကန်ဖိနပ်များ မီးထဲပါသွားခဲ့သည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရသေးပေ။

ဘေဆယ်အသင်းသည် ဆွစ်စူပါလိဂ်တွင် အဆင့် (၄) တွင် ရပ်တည်နေသည်။ St Jakob-Park ကွင်းသည် ၂၀၁၆ ခုနှစ်တွင် ဆီဗီလာက လီဗာပူးကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ယူရိုပါလိဂ်နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း သိရသည်။



၂၀၁၆ ခုနှစ် ယူရိုပါလိဂ်ဗိုလ်လုပွဲနှင့် ၂၀၂၅ ခုနှစ် အမျိုးသမီးယူရိုဗိုလ်လုပွဲ ကျင်းပခဲ့သည့် St Jakob-Park ကွင်း။

ထို့အပြင် ၂၀၂၅ ခုနှစ်က အမျိုးသမီးယူရိုပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်နှင့် စပိန်အသင်းပွဲစဉ်ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

## ဘိုင်ယန်မြူးနစ်က ဘွန်ဒက်စ်လီဂါ တစ်ရာသီအတွင်း သွင်းဂိုးအများဆုံး စံချိန်သစ်တင်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၃) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် စိန့်ပေါလီနှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ငါးဂိုးပြတ် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို ၁၂ မှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို မေ ၁၁ ရက် ညပိုင်းက Millerntor ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၂၉၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် စိန့်ပေါလီကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သောကြောင့် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါ ၃၃ ပွဲကစားပြီးချိန်တွင် ရဂိုး ၁၀၅ ဂိုးအထိ ရှိလာပြီး ပေးဂိုးက ၂၇ ဂိုးသာ ခွင့်ပြုပေးထားရသေးသည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းသည် ၁၉၇၁-၇၂ ခုနှစ်က တင်ထားခဲ့သော ဘွန်ဒက်စ်လီဂါ တစ်ရာသီအတွင်း ၁၀၁ ဂိုး စံချိန်ဟောင်းကို ကျော်ဖြတ်ကာ ၁၀၅ ဂိုးဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။

## လာမည့်ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တရုတ်နိုင်ငံမှ ဒိုင်လူကြီး သုံးဦး ရွေးချယ်ခံရ

မာနင်း၊ ကျိုးဖိုင်နှင့် ဖူမင်းတို့သည် ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဒိုင်လူကြီးများအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း တရုတ်ဘောလုံးအဖွဲ့ချုပ်က မေ ၉ ရက်တွင် အတည်ပြုထားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မာက ကွင်းလယ်ဒိုင်လူကြီးအဖြစ်လည်းကောင်း၊ ကျိုးက လက်ထောက်ဒိုင်လူကြီး အဖြစ်လည်းကောင်း၊ ဖူက ဗီဒီယိုလက်ထောက်ဒိုင်လူကြီးအဖြစ်လည်းကောင်း ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မာသည် ကာတာနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၂ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် စတုတ္ထဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ဒုတိယအကြိမ်မြောက် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် အသက် ၄၆ နှစ်အရွယ် ယင်းဒိုင်လူကြီးသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်မြောက် ပါဝင်ခွင့်ရရှိသည့် ပထမဆုံး တရုတ်ဒိုင်လူကြီး ဖြစ်လာမည်ဖြစ်သည်။ ဖူနှင့် ကျိုးတို့က ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်သွားမည့်သူများ ဖြစ်သည်။

၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အသင်းပေါင်း ၄၈ သင်းအထိ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

## တရုတ်တင်းနစ်မယ် ကျိန့်ချင်းဝမ် ဒဏ်ရာကြောင့် စတုဂတ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်

တရုတ်တင်းနစ်မယ် ကျိန့်ချင်းဝမ်သည် မကြာမီ ကျင်းပတော့မည့် WTA 500 အဆင့်ရှိ စတုဂတ်အိုးပင်းပြိုင်ပွဲမှ ဒဏ်ရာကြောင့် နုတ်ထွက်သွားပြီ ဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူများက ထုတ်ပြန်ကြေညာထားသည်။



၎င်းနုတ်ထွက်မှုကြောင့် လက်ရှိ ကမ္ဘာ့အဆင့် (၄၆) ရှိ နာမည်ကျော် ဖိလစ်ပိုင် တင်းနစ်မယ် အယ်လာက အစားထိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ဝမ်သည် မတ်လက WTA 1000 အဆင့်ရှိ မိုင်ယာမီအိုးပင်းပြိုင်ပွဲကို နောက်ဆုံးယှဉ်ပြိုင်ထားသည်။ ၎င်းသည် အဆိုပါ ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဆာဘယ်လင်ကာကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်ရောက်မည့် အခွင့်အရေး လွဲချော်ခဲ့သည်။

### ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်

ဒုတိယအကျော့

| ၁၅-၄-၂၀၂၆ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| အေတီမက် - ဘာစီလိုနာ | | နံနက် ၁း၃၀ |
| လီဗာပူး - ပီအက်စ်ဂျီ | | နံနက် ၁း၃၀ |

### ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်

ဒုတိယအကျော့

| ၁၆-၄-၂၀၂၆ | | ကြာသပတေးနေ့ |
|---|---|---|
| အာဆင်နယ် - စပို့တင်း | | နံနက် ၁း၃၀ |
| ဘိုင်ယန် - ရီးရဲမက်ဒရစ် | | နံနက် ၁း၃၀ |

### ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်

ဒုတိယအကျော့

| ၁၆-၄-၂၀၂၆ | | ကြာသပတေးနေ့ |
|---|---|---|
| ဆဲလ်တာဗီဂို - ဖရိုင်းဘတ် | | ည ၁၁း၁၅ |
| **၁၇-၄-၂၀၂၆** | | **သောကြာနေ့** |
| ဗီလာ - ဘိုလော့ဂ်နာ | | နံနက် ၁း၃၀ |
| ဖောရက်စ် - ပေါ်တို | | နံနက် ၁း၃၀ |
| ဘက်တစ် - ဘရာဂါ | | နံနက် ၁း၃၀ |

■ မိုးဇက်-စုစည်းရေးသားသည်

## ကြော်ငြာစာ
### ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
### အမရပူရခရိုင်တရားရုံးတော်
### ၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၆

**ကွယ်လွန်သူ ဒေါ်လှညွန့်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လှညွန့်၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၂၁-က/ရွှေကျင်တိုက်)၊ ဦးပိုင်အမှတ် (၆/၂)၊ ဧရိယာ (၃ ဒသမ ၀၄) ဧက အကျယ်အဝန်းရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဇော်မြင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် ( ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်လှညွန့် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က ဦးဇော်မြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၆

ဦးသန်းထွန်းအောင် နှင့် ဒေါ်သိန်းတင်
(တရားလို) (တရားပြိုင်)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အိမ်အမှတ် (၂၀) နေ တရားပြိုင် ဒေါ်သိန်းတင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းထွန်းအောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးသော် )
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းပြီးစီးကြောင်း
### အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အိမ်အမှတ် (၁)၊ ရန်ကြီးအောင်လမ်းနေ ဒေါ်ဇာဇာဝင်း ၁၃/ကလန(နိုင်)၀၇၃၂၀၄ နှင့် တောင်ကြီးမြို့နယ်၊ စက်မှုဇုန်၊ (၁၁) လမ်းနေ ဦးဒူရပါးကူမား ၁၃/ဟပန(ဧည့်)၀၀၀၀၄၂ တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ်၊ စက်မှုဇုန် (၃) ရှိ အလျား ပေ( ၄၀ x ၄၀)၊ အရှေ့အနောက် (၁၂၀x၁၂၀) ပေ အရှေ့ဘက်လားသော် - မြေကွက် ၊ အနောက်ဘက်သို့လားသော်- ပေ (၆၀) လမ်း၊ မြောက်ဘက်လားသော် - နေအိမ်၊ တောင်ဘက်လားသော်- ပေ (၂၀) လမ်း ရှိ ဒေါ်ဇာဇာဝင်း ပိုင်ဆိုင်သည့် မြေကွက်အား ၇-၂-၂၀၂၂ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဦးဒူရပါးကူမား မှ အေးသာယာစက်မှုဇုန်၊ ၄၀လမ်းနေ ဒေါ်ခင်ဝင်း ၁၃/တကန (နိုင်)၀၉၄၁၃၂ အား မိမိပိုင်ဆိုင်သည့် မြေကွက်မဟုတ်ဘဲ ဒေါ်ဇာဇာဝင်း ယုံကြည်စွာ အပ်နှံခဲ့သည့် မြေကွက်အား ရောင်းချခဲ့သည့်အတွက် တောင်ကြီးမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးအမှုအမှတ် - ၄၉၃၆/၂၀၂၅ ရာဇသတ်ကြီး ပုဒ်မ-၄၀၆ ဖြင့် ဒေါ်ဇာဇာဝင်းမှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ပါသည်။ အဆိုပါအမှုနှင့် ပတ်သက်၍ ဦးဒူရပါးကူမားက လာရောက်တောင်းပန်သဖြင့် ဒေါ်ဇာဇာဝင်းမှ အမှုဆက်လက် ဆောင်ရွက်လိုခြင်း မရှိပါသောကြောင့် ကျေအေးရပ်သိမ်းပေးခဲ့ပါသဖြင့် ၂၉-၈-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်မူရင်းနှင့် (၇-၂-၂၀၂၂) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်းတို့အား နှစ်ဦးသဘောတူ ဖျက်သိမ်းမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်ဇာဇာဝင်းက ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်ကြဲ၊ အာမခံ၊ မြေစာရင်းပုံစံ(၁၀၅) နှင့် ၎င်းအမည်ပေါက် ဂရန်ပြုလုပ်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုကစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာဝင်း၊ ဦးဒူရပါးကူမား**
**ဖုန်း-၀၉၅၂၅၀၄၅၈,၀၉-၂၅၃၀၅၃၀၈၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊နည်းဥပဒေ -၁ နှင့် ၅)
### ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌
### ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၂၀

ဦးဇော်မိုးလတ် နှင့် ဦးဇော်ဇော်ထွန်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၂၃၁) နေ တရားပြိုင် ဦးဇော်ဇော်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုဦးဇော်မိုးလတ်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၈ ခုနှစ် ၊ ဦးကဆုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲဟန်ဇော်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
### ထုချေစေရန်အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၄ နှင့် ဆက်နွယ်သည့်
### ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၈

ဒေါ်စမ်းစမ်းထွေး နှင့် ဦးဝင်းကြည်
(ဒီကရီအနိုင်ရသူ) (တရားရှုံး)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အမှတ် (မ-၂) နေ တရားရှုံး ဦးဝင်းကြည် (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်စမ်းစမ်းထွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ၊

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်၊ ကွင်း/အမှတ်(၇၈၄)၊ ဦးပိုင်အမှတ်(၁-ဟ) မြေဧရိယာ (၀ ဒသမ ၀၂၈၁) ဧက အကျယ်အဝန်းရှိမြေကွက်သည် မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ရေးကူးပေးသည့် မြေပုံအရ မန္တလေးမြို့နယ်မြေစာရင်းဦးစီးဌာနမှူးရုံး ဘိုးဘပိုင်ဦးပိုင်ခွဲအမှုအမှတ် (၅၂-ခွဲ/၁၉၈၈-၁၉၈၉)အရ ဦးညွန့်လှိုင် အမည်ဖြင့် ဘိုးဘပိုင်မြေချထားခြင်း ခံရသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးညွန့်လှိုင်ထံမှ ဦးသိန်းသန်း(ခ) ဟင်နရီချန်းသည် အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ မြေဧရိယာ (၀ ဒသမ ၀၂၈၁) ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တဝက် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသော သက်သေခံစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံတွင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေသည် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးစီး အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်တင်တင်ဌေး(ခ)အူရှား(ဘ)ဦးဂျက်ကီး**
**၅/ရဘန (နိုင်)၁၂၇၈၀၉**
**ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်နိုင် (LL.B) စဉ်-၁၂၉၈၇**
**တရားလွှတ်တော်ရှေ့နေ**
**(RIGHT ဥပဒေအကျိုးဆောင်ရုံးခန်း)**
**ကားကြီးကွင်းတိုက်တန်း၊**
**အမှတ်(A10-ခ၊ ဂ) ရပ်ကွက်ကြီး(၁၀)၊**
**ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၇၉၉၁၀၁၃၁၆၊**
**၀၉-၆၈၄၀၀၆၁၆၁**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် အမှတ် 29W/37333, HONDA CLICK 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2U/1672 Xianguanxy 200 ZH 3W ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၁၄/ကကထ(နိုင်) ၁၄၇၄၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀

စောင်ဟွေရင်(ခ)ဒေါ်ဆွေဆွေသင်း နှင့် ဦးသက်လှိုင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက် အမှတ်(နန-၄)၊ ဦးပိုင် (၂၀) နေ ဦးသက်လှိုင် (ဘ) ဦးဘစော (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို စောင်ဟွေရင်(ခ)ဒေါ်ဆွေဆွေသင်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၉)၊ ဦးပိုင်အမှတ် (၇၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးသက်လှိုင် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သဲမာဖြိုးဦး )
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့တွင်နေထိုင်ကြသော ကျွန်မ ဒေါ်ပြည့်ဖြိုးရတနာ(ခ)မဖွေးဖွေး (ဘ) ဦးသိန်းဇော်မျိုး ၁၃/ညရန(နိုင်)၀၉၇၇၉၅ နှင့် ဦးကျော်ကျော်စိုး (ဘ)ဦးကျော်ဝင်း(ခ)စိုးဝင်း ၁၃/ညရန(နိုင်)၀၈၇၉၀၄ တို့သည် လွန်ခဲ့သော ၂၆-၅-၂၀၂၂ ရက်တွင် နှစ်ဖက်သောဂုဏ်သရေရှိလူကြီးမိဘဆွေမျိုးမောင်နှမများနှင့်အတူတူပင် မင်္ဂလာခန်းမ၌ တရားဝင်မင်္ဂလာဧည့်ခံပွဲကျင်းပပြုလုပ်ခဲ့ကြပြီး ၁၅-၂-၂၀၂၄ ရက်တွင် ညောင်ရွှေမြို့တရားရုံး၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာပြုလုပ် လက်မှတ်ရေးထိုးထားခဲ့ကြပါသည်။ ယနေ့အချိန်ထိလည်း ကျွန်မတို့နှစ်ဦးသည် ကွာရှင်းပြတ်စဲထားခြင်း လုံးဝ(လုံးဝ) မရှိသည့်အတွက် ကျွန်မ ဒေါ်ပြည့်ဖြိုးရတနာ(ခ)မဖွေးဖွေး တစ်ဦးတည်းသာလျှင် ဦးကျော်ကျော်စိုး၏ တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ကျွန်မတို့နှစ်ဦး၏ အိမ်ထောင်ရေး ပြိုကွဲစေရန် ရည်ရွယ်ချက်ဖြင့် လူကိုယ်တိုင်သော်လည်းကောင်း Phone, Facebook, Messenger, Wechat, whatsapp, Botim, Telegram, Tiktok စသော ဆိုရှယ်မီဒီယာ အမျိုးမျိုးဖြင့် ကြားဝင်နှောင့်ယှက်နေပါသည်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ လင်မယားအချင်းချင်း စိတ်ဝမ်းကွဲစေရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်နေကြသူများအားလုံးတို့သည် ဤကြေညာပါသည့်ရက်မှစ၍ ရပ်တန့်ကြပါရန်နှင့် ကျွန်မတို့နှစ်ဦး၏ အိမ်ထောင်ရေးပြိုကွဲစေရန် ရည်ရွယ်ချက်ဖြင့်ထပ်မံပြုလုပ်သွေးခွဲမှုများရှိခဲ့ပါက တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်ဖြိုးရတနာ(ခ)မဖွေးဖွေး ၁၃/ညရန(နိုင်)၀၉၇၇၉၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁/၁၀)ရပ်ကွက်၊ ပိတောက်(၄)လမ်း၊ အမှတ်(၂၄/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဦးဒူဟာမက် အမည်ပေါက် ပါမစ်မြေကွက်သည် ဖခင် ဦးဒူဟာမက်(၂၅-၇-၂၀၁၃-ကွယ်လွန်)နှင့် ဒေါ်ပူတူးမ (၁၉၈၆-ကွယ်လွန်)တို့မှ မွေးဖွားသော (၁)ဦးမောင်မောင် (၃-၁၀-၂၀၂၅-ကွယ်လွန်)၊ (၂)ဦးမဂျစ်(ကွယ်လွန်)၊ (၃)ဦးကရင်မ် (ကွယ်လွန်)၊(၄)ဦးအလီ(၅-၄-၂၀၁၅-ကွယ်လွန်)၊ (၅) ဦးစိုးမြင့် (၂၁-၁၀-၂၀၂၅-ကွယ်လွန်)၊(၆) ဦးရရှစ်(ကွယ်လွန်)၊ (၇)ဒေါ်ဖာသွေမာ(ခ)မသန်းဌေး၊ (၈)ဒေါ်မဒရမ်(ကွယ်လွန်)၊ (၉) ဦးရဟ်မာန်(ကွယ်လွန်)၊ (၁၀)ဦးဂဖားလေး၊ (၁၁) ဦးအီလီရက်စ်(ကွယ်လွန်)တို့ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ကွယ်လွန်သူ မိဘများပိုင် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ခွဲဝေရခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဦးဒူဟာမက် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့အား အမွေဆိုင်သားသမီးများနှင့်အမွေဆက်ခံခွင့်ရှိသူများ ကြိုတင်သဘောတူခွင့်ပြုကျေနပ်မှုမရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း ၊ အိမ်ငှားတင်ခြင်း၊ ကန်ထရိုက်တိုက်ဆောက်ရန်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဦးမောင်မောင် (ကွယ်လွန်)၏အမွေဆက်ခံခွင့်ရှိသူ ဦးမင်းမင်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L.) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၇)**
**အမှတ်(၅၁၉)၊ ပန်းခြံစုဗဟိုလမ်း၊(၂၄)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၆၄၅၄၉၁၂**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ မင်္ဂလာလမ်း၊ အိမ်အမှတ် တဇ - ၆၀ နေ (ဘ) ဦးလှမျိုးရွှေ ၁၄/ကပန(နိုင်)၀၁၀၆၅၉ နှင့် (မိ)ဒေါ်သီသီဆွေ ၁၄/ရကန(နိုင်)၀၈၇၅၄၀တို့၏သား မောင်ပိုင်ရှင်းသန့် ၁၄/ကပန(နိုင်)၁၈၀၀၇၉၄ သည် မိဘများ အရှက်ကွဲစိတ်ဆင်းရဲဖြစ်အောင် မကြာခဏပြုလုပ်နေပါသဖြင့် သည်းမခံနိုင်သည့်အတွက် သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးလှမျိုးရွှေ -ဒေါ်သီသီဆွေ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၂

| | | |
|---|---|---|
| ဒေါ်သန္တာအေး | နှင့် | ဦးတင်အောင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ကရမက်လမ်း၊ အမှတ်-၉၈ နေ ဦးတင်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၄ ရက် ( ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၊ ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ကုန်းဘောင်ရပ်၊ ကွင်းအမှတ်(၂၇၅၃)၊ ဦးပိုင်အမှတ် (၁၆၀)၊ ဧရိယာ(၀.၀၈၃) ဧကရှိ၊ ဒေါ်နွဲ့နွဲ့ရီအမည်ဖြင့် (၁၀) နှစ် ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အိအိဝင်း ၉ / မနတ(နိုင်)၀၉၆၆၇၆ ၊ ဒေါ်ယမင်းအိ ၅/ရဘန(နိုင်)၂၀၁၃၈၄၊ ဦးဝေမျိုးအောင် ၅/ရဘန(နိုင်)၂၁၆၄၃၈နှင့် ဦးပြည့်ကျော်ဝင်း ၅/ရဘန(နိုင်)၂၂၃၂၁တို့မှ ပိုင်ဆိုင်လာသော အိမ်ဝင်းမြေဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လွှဲပြောင်းရရှိ ပိုင်ဆိုင်လာခဲ့သော အိမ်ဝင်းမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အိအိဝင်း၊ ဒေါ်ယမင်းအိ၊ ဦးဝေမျိုးအောင်နှင့် ဦးပြည့်ကျော်ဝင်းတို့ထံမှ ဦးသန်းဇော်မင်း ၅/ရဘန(နိုင်)၁၅၄၃၈၀နှင့် ဒေါ်ခိုင်ဇင်ဦး ၅/ရဘန(နိုင်)၁၉၆၉၉၈ တို့က (၁-၄-၂၀၂၆)ရက်တွင် "နှစ်ဖက်သဘောတူ အိမ်ဝင်းမြေ (စရန်ပေး)အရောင်းအဝယ်ကတိစာချုပ်"ကို ချုပ်ဆို၍ အိမ်ဝင်းမြေဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါ သည်။

ထို့ကြောင့် အထက်ပါ အိမ်ဝင်းမြေနှင့်ပတ်သက်ပြီး သက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုသူများ ရှိပါက "အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" မချုပ်ဆိုမီ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်း(မူရင်း)နှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၃၀) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း၊ ထိုရက်ကျော်လွန်ပါက ကန့်ကွက်မည့်သူမရှိဟု မှတ်ယူကာ ဖော်ပြပါကိစ္စရပ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းဇော်မင်း၊ ဒေါ်ခိုင်ဇင်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဌေး ( LL.B)** | **ဒေါ်ကြည်ကြည်လွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၉၃၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ် ၁၁၇၂၂)** |
| **အမှတ်(၁၀)၊ ကုန်းဘောင်ရပ်၊ ရွှေဘိုမြို့။** | **အမှတ်(၁၀)၊ ကုန်းဘောင်ရပ်၊ ရွှေဘိုမြို့။** |
| **Ph-09-43002437** | **Ph-09-777162343** |

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ တောင်ဇလပ် ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၆/စမ်းမြို့ရပ်၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်အမှတ်(၆၁)၊ ဧရိယာ(၀.၁၈၀)ဧကရှိ မြေငှားဂရန်မြေကွက်သည် ဦးလိန်ဘွေး၊ ၄/မတပ(နိုင်)၀၀၇၁၁၂ အမည်မှတ်သားတည်ရှိသည့် မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ မြေငှားဂရန် သက်တမ်းသည် (၁-၆-၂၀၁၆)မှ(၃၁-၅-၂၀၂၆)အထိ (၁၀) နှစ်လူနေထိုင်ရန် မြေငှားဂရန်ချထားပေးခြင်းဖြစ်ရာ အဆိုပါ မြေကွက်၏ မြေငှား ဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်၍ ကျွန်တော်ဦးလိန်ဘွေး၏ အမည်ဖြင့်ပင် (၁၀)နှစ်မြေငှားဂရန်သက်တမ်းမှ နှစ်(၃၀)မြေငှားဂရန်သက်တမ်း တိုး လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ (၁၀) ရက် အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ဦးလိန်ဘွေး**
**ဖုန်း -၀၉- ၉၆၉၂၇၇၀၈၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သော မနန္ဒာဝင်း ၁၁/မပန(နိုင်)၁၁၇၉၂၀၏ ဖခင်အမည် ဦးကျော်သန်း ၁၁/မပန(နိုင်)၀၂၇၈၇၆ နှင့် ဦးမောင်ကျော်သန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်သန်း(ခ)**
**ဦးမောင်ကျော်သန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၇၀၃၄၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ ၊ (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ် -၅၃၅ခ၊ အကွက်အမည်- သမန်းကုန်းအနောက်ရပ်၊ ဦးပိုင်အမှတ်-၄၃က၊ ဧရိယာ (၀ဒသမ၂၄)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော် - ၄၃ဃ၊ အနောက်လားသော် - ၄၂၊ တောင်လားသော် - ဘုရားကြီး-ဝေါကားလမ်း၊ မြောက်လားသော် - ၄၄၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးအောင်ကျော်မိုးမှ လျှောက်ထားမည် ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား များနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးအောင်ကျော်မိုး**
**၀၉-၅၃၈၀၂၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ ၊ (၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၅၃၅ခ၊ အကွက်အမည်- သမန်းကုန်း အနောက်ရပ်၊ ဦးပိုင်အမှတ်-၄၃ဃ၊ ဧရိယာ(၀.၂၆)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော် - ၄၃ခ၊ အနောက်လားသော် - ၄၃က၊တောင်လားသော်-ဘုရားကြီး-ဝေါကားလမ်း၊ မြောက်လား သော်-၄၄၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးအောင်ကျော်မိုးမှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား များနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက် သည်။ **ဦးအောင်ကျော်မိုး**
**ဖုန်း-၀၉-၅၃၈၀၂၈၁**

## ရန်ကုန်တိုင်းဒေသကြီး ၊ တာမွေမြို့နယ် ၊ သံသုမာလမ်း ၊ ချမ်းသာဂုဏ်ရောင် ကွန်ဒို ၊ ( ၄ )လွှာ အခန်းအမှတ်(၄၀၅ ) သည် ဒေါ်ဒေစီတစ်ဦးတည်းပိုင်ငွေကြေးဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော အခန်း ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၉ ၊နေ ဒေါ်ဒေစီ - ၁၂/မဂတ(နိုင်) ၀၄၅၀၂၂ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား ( ၁၁-၆-၂၀၂၂)ရက်စွဲပါ စရန်ပေးစာချုပ်အရ ဒေါ်ဒေစီတစ်ဦးတည်းပိုင်ငွေကြေးများဖြင့် ဝယ်ယူခဲ့ရာတွင် မိမိကိုယ်စားစီမံခန့်ခွဲနိုင်ရန်အတွက် သားဖြစ်သူ ဦးဇော်ထွန်းအားတိုက်ခန်းပိုင် ရှင်အဖြစ် အမည်ခံ ထည့်သွင်းပေးထား ခြင်းဖြစ်သောကြောင့်၊ အထက်ဖော်ပြပါ အခန်းသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှသက်ဆိုင်ခြင်းမရှိဘဲ ဒေါ်ဒေစီ တစ်ဦးတည်းပိုင်အခန်းဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ရီနွယ်သန်း** | **ဒေါ်ဝင်းဝင်းခိုင်** |
| **LLB, DBL, Wipo Switzerland** | **LLB(၅၅၁၇၁/၂၂)** | **LL.B(၅၅၇၈၇/၂၂)** |
| **တရားလွှတ်တော်ရှေ့နေ (၁၁၈၇၉ /၂၀၁၇)** | **အထက်တန်းရှေ့နေများ** | |

**ရုံးအမှတ် - ၂၄၄-က ၊ ပထမထပ်၊ သံသုမာလမ်းမကြီးပေါ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ၊ ဖုန်း - ၀၉ - ၄၂၀၀၀၉၉၃၇ ၊ ၀၉ - ၇၆၄၂၀၆၁၂၃**

## နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၉ နေ ဦးဇော်ထွန်း- ၁၂ /မဂတ (နိုင်) ၀၀၂၆၅၂ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဇော်ထွန်း ၁၂/မဂတ(နိုင်) ၀၀၂၆၅၂ နှင့် အောင်ပန်းမြို့နေ ဒေါ်အိမ့်အိအိဇော် (ခ ) ဒေါ်မြတ်ကေရီ ၁၂ /မဂတ (နိုင်) ၀၉၁၇၆၈ တို့သည် ( ၅-၈-၂၀၁၉ ) တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီးနောက်၊ သမီး (၂) ဦး မွေးဖွားခဲ့သော်လည်း အိမ်ထောင်ရေးပြဿနာများဖြစ်ပေါ်လာ၍ နှစ်ဦးသဘောတူ လင်မယား ကွာရှင်းစာချုပ်များချုပ်ဆိုခြင်းနှင့် နှစ်ဖက်အပြန်အလှန်ပေးပို့သော ဝန်ခံစာများအရ နှစ်ဦးသဘောတူ လင်မယား ကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | | |
|---|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ရီနွယ်သန်း** | **ဒေါ်ဝင်းဝင်းခိုင်** |
| **LLB, DBL, Wipo Switzerland** | **LLB(၅၅၁၇၁/၂၂)** | **LL.B(၅၅၇၈၇/၂၃)** |
| **တရားလွှတ်တော်ရှေ့နေ (၁၁၈၇၉ /၂၀၁၇)** | **အထက်တန်းရှေ့နေများ** | |

**ရုံးအမှတ် - ၂၄၄-က ၊ ပထမထပ်၊ သံသုမာလမ်းမကြီးပေါ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ၊ ဖုန်း - ၀၉ - ၄၂၀၀၀၉၉၃၇ ၊ ၀၉ - ၇၆၄၂၀၆၁၂၃**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄ )

## မရမ်းကုန်းခရိုင် တရားရုံးတော်၌

## ၂၀၂၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၅

ဒေါ်ရွှေမိ နှင့် ဦးအေးရွှေ

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ် -၉၉/၂၀၂၅ ကို အယူခံမှု။

အယူခံတရားပြိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် (၉၅၀ ဒ )နေ တရားပြိုင် ဦးအေးရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မြောက်ဥက္ကလာပမြို့နယ် တရားရုံးတော်က ချပေးသည့် အမိန့်ကို အယူခံတရားလို ဒေါ်ရွှေမိက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) (၁၀:၀၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သီသီဟန်)**

**ဒုတိယခရိုင်တရားသူကြီး (၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂/တောင်၊ မြေကွက်အမှတ်- ၉၆၄/ခ၊ ဧရိယာပေ (၂၀ x ၆၀)၊ မြေကွက်တည်နေရာအမှတ် (၉၆၄/ခ)၊ ရန်ပြေ (၄) လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခွေး ၁၂/သကတ(နိုင်)၀၁၁၄၃၂ အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးခွေး (ဖခင်) နှင့် ဒေါ်မမကြီး (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစိုးမြင့် ၁၂/သကတ(နိုင်)၀၁၂၀၃၅၊ ဦးသိန်းဝင်း ၁၂/သကတ(နိုင်)၀၀၇၂၀၆၊ ဒေါ်စန်းစန်းထွေး ၁၂/သကတ(နိုင်)၀၀၀၇၀၇ တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးခွေး (ဖခင်)၏ သေဆုံးမှုလက်မှတ်၊ ဒေါ်မမကြီး သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ သေမှတ်ပုံတင်လက်ခံစာအုပ်တွင် ရေးသွင်းထားခြင်းမတွေ့ရှိသောကြောင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်း မပြုနိုင်ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ (၂၂-၃-၂၀၂၅) ရက်စွဲပါ ပြန်ကြားစာ၊ ဒေါ်မမကြီး သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ (ခ) တော်ဝင်အိမ်ရာ၊ တိုက်အမှတ် (၂၂)၊ အခန်း (၁၈)၊ ဒုတိယထပ် (၃ လွှာ)၊ အကျယ်အဝန်း (၂၄ ပေ x ၂၇ ပေ) ရှိသော တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင်ခ ၁၂/သဃက(နိုင်)၁၁၈၈၅၇၊ ဒေါ်အေးအေးမွန် ၁၂/ဥကတ(နိုင်)၀၂၂၂၁၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်မိုး ၁၄/ပသရ(နိုင်)၀၈၂၇၂၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းကြည် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၃၉၃၀/၂၀-၁၁-၂၀၂၀)**
**အမှတ် (၂၈)၊ ပထပ်လမ်း၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၇/ရွှေပေါက်ကံ၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ် (၇၄) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၄၀)ပေ x အနံ (၆၀)ပေရှိ ဗိုလ်မှူးမောင်ကြီး(ငြိမ်း)(MYA-၀၃၃၈၆၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မိမိ၏လက်ဝယ်၌သာရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ထားထားရီ ၁၂/မဂဒ(နိုင်)၁၀၃၇၃၂ မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလတ်ထွန်း ၅/မရန(နိုင်)၀၀၃၆၂၆ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့် ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ် (၁၆၇)၊ ရော (၉) လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅

## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၃

ဒေါ်ယုမိစံ နှင့် ဦးမင်းကျော်သူ (ခ) ဗညား

**(တရားလို)** **(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာတွင် နေထိုင်သည့် တရားပြိုင်ဖြစ်သော ဦးမင်းကျော်သူ(ခ)ဗညား (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ယုမိစံက “အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) နံနက် (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဇာသွယ်)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၃)ရပ်ကွက်၊ မြေတိုင်းအမှတ်(၇)၊ မြေကွက်အမှတ်(၄၀၉)၊ မြေဧရိယာ (၀ ဒသမ ၁၉၇) ဧကရှိ မြေအား ဦးစောနိုင်မှ အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/အရှေ့၊ မြေကွက်အမှတ်- ၁၁၈၁/က၊ ဧရိယာ (၂၀ x ၆၀)၊ မြေကွက်တည်နေရာ အမှတ် (၁၁၈၁/က)၊ ရှုခင်းသာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်သန်း (CM- ၀၀၁၄၈၇) အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်ကြည် ၁၂/သကတ(နိုင်)၀၁၄၆၇၂ မှ မိမိသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးအောင်သန်း(ခင်ပွန်း)၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀/ရွှေပေါက်ကံ၊ ပုဂံလမ်း၊ မြေကွက်အမှတ် (၄၀၆) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၄၀) ပေ x အနံ (၆၀) ပေရှိ ဦးစိန်ညွန့် (RGN-၀၀၄၈၂၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မိမိ၏လက်ဝယ်၌သာရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြမြ ၁၂/ဥကတ(နိုင်)၀၄၅၃၆၄ (DDE-၀၉၀၄၀၈)မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလတ်ထွန်း ၅/မရန (နိုင်)၀၀၃၆၂၆ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာအေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ် (၁၆၇)၊ ရော (၉) လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၄၀၃၄၀, Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိချိုလွင် ၈/တတက(နိုင်)၁၀၃၁၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4680 Hyundai Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၁၂/လကန(နိုင်)၀၅၈၉၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ၊**
**ရွာသာကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာ အနောက်ရပ်ရှိ မြေကွက်အမှတ် (ဥ-၁၄၅၉) ကို အမည်ပေါက် ဦးသန်းဇော်ဌေး (ဘ) ဦးတင်လှ ၉/ပမန(နိုင်)၁၆၃၂၈၉ (တရားရှုံး) ကိုယ်စား ဥတ္တရသီရိမြို့နယ် တရားရုံး၏ဘိလစ်စာရေး ဒေါ်နှင်းဝတ်ရည်လှိုင် (ဘ) ဦးဇော်နိုင်ထွန်း ၉/တကန(နိုင်)၂၂၂၀၁၅ မှ မြေငှားစာချုပ်တွင်လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ဥတ္တရသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၄/၂၀၂၅)၊ တရားမဇာရီမှုအမှတ် (၁/၂၀၂၆)၊ ထုံးပုံကျအပြီးသတ်အမိန့်၊ နိုင်သားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးမိန့်မူရင်း၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇၂)၊ ဒေါနလမ်း မြေကွက်အမှတ် (၆၆၅/ခ)၊ ဧရိယာ ပေ(၂၀ x ၆၀)ရှိ ဦးတင်ရွှေ( GME ၁၀၁၇၈၆)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသောအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်အေးမျိုးဟန် ၁၂/ဒဂတ(နိုင်)၀၅၁၂၉၀ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ကျော် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၅၈၁၉)**
**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ရွှေပေါက်ကံ၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ် (၆၁၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား ၄၀ ပေ x အနံ ၆၀ ပေရှိ ဦးအေးမင်း ၁/ပတအ(နိုင်)၀၀၀၇၈၆ အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မိမိ၏လက်ဝယ်၌သာရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးဇော်မင်းဦး ၅/ကနန(နိုင်)၁၁၁၀၂၆ မှ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလတ်ထွန်း ၅/မရန(နိုင်)၀၀၃၆၂၆ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ် (၁၆၇)၊ ရော (၉) လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ဒေါ်အေးငြိမ်းခိုင်နှင့် အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ် (၁၂၆) (ခေတ္တရန်ကုန်မြို့နေ) ဦးရဲကိုအောင် ၁၁/ပတန(နိုင်)၀၅၇၆၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဦးရဲကိုအောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးငြိမ်းခိုင်(ဘ) ဦးရွှေမောင် (ယခုနေရပ်လိပ်စာ မသိသူ)တို့သည် လွန်ခဲ့သော (၂၀၁၇) ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဦးရဲကိုအောင်မှာ ကျန်းမာရေးလုံးဝ မကောင်းသည့်အချိန်တွင် ဇနီးဖြစ်သူ ဒေါ်အေးငြိမ်းခိုင်မှာ အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ အိမ်ပေါ်မှဆင်းသွားသည့်နေ့မှစ၍ ယနေ့အချိန်ထိ (၇) နှစ်ခန့်ကြာသည့်တိုင်အောင် တစ်ကြိမ်တစ်ခါမှ နှစ်ဦးနှစ်ဖက်ပတ်သက်ခြင်း၊ ဆက်သွယ်ခြင်း(လုံးဝ) မရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲကိုအောင်မှ ဒေါ်အေးငြိမ်းခိုင် (ယခုနေရပ်လိပ်စာမသိ)အား ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်သည်လည်း ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲကိုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးနိုင် (LL.B, Diploma in Eng, WIPO, Switz)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၁၉၃)**
**အမှတ် (၇၆၀)၊ တောင်ငူလမ်း၊ (၁၉) ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၀၅၁၂၅၂**

## အများသိစေရန်အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၅/ရပ်ကွက်၊ ရွှေကံကော်လမ်း၊ အမှတ် (၂၆၃)၊ (အလျား ပေ ၄၀ x အနံ ပေ ၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော (အလျားပေ ၂၀ x အနံပေ ၆၀)၊ ခေါင်းရင်းခြမ်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်တိုက်၊ ရေ၊ လျှပ်စစ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၀၇၉၅၄၂ မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြည့်ဖြိုးပိုင် ၁၂/သကတ(နိုင်)၁၆၉၉၃၀ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ အဆိုပါ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ပြည့်ဖြိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၄၃၁)**
**အမှတ် - ၆၆၉၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၀၁၇၂၉၀**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

သားအဖြစ်မှ စွန့်လွှတ်ခြင်းလမိုင်းမြို့၊ မြို့မ (၁) ရပ်၊ ဟင်္သာမွန် (၄) လမ်းနေ ဦးစိုးအောင်- (ဒေါ်အေးမော်)တို့၏ သား မောင်ဉာဏ်လင်းအောင်သည် ဖခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၈-၄-၂၀၂၆ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုအသိုင်းအဝိုင်းနှင့် မပတ်သက်ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင် - ဦးစိုးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/77781 Honda Wave Alpha 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၄/ဒဒရ(နိုင်)၀၃၁၅၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/6325, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်း ၇/နတလ(နိုင်) ၁၆၁၄၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/74160, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၇/သကန(နိုင်)၀၉၁၁၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မ၏ TIAN YU INTERNATIONAL CO.,LTD ၏ BL NO. LCHCB26010649 မူရင်းသည် အကောက်ခွန် လုပ်ငန်းများ ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**
**ဒေါ်လှလှအေး မန်နေဂျာ**
**ဖုန်း-၀၉-၄၂၁၇၁၉၂၇၃**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်နေ (ဘ)ဦးမြင့်ဌေး၏သမီး မစုလှိုင်ဝင်း ၇/ပခတ(နိုင်) ၁၅၈၅၂၈ ၏ နိုင်ငံကူးလက်မှတ် (MC-005044) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၇၉၁၂၇၆၅၁၁**

## CDC ပျောက်ဆုံးကြောင်း

(ဘ) ဦးမြင့်အောင်၏ သား ကျွန်တော် မောင်ထွန်းသူရအောင် ၁၂/ဒဂရ(နိုင်)၀၂၂၇၅၂ ၏ သင်္ဘောသား မှတ်ပုံတင် (CDC) စာအုပ် (CDC No. 125553)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၆၈၃၀၅၃၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၇၃ယ/၅၁၁၁၇, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်းနိုင်း ၉/ပမန(နိုင်)၂၉၄၁၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု**
**ဦးစီးဌာန**
**နေပြည်တော်ရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅

ဒေါ်ခင်စောမူ နှင့် ၁။ ဦးဘညို
၂။ ဒေါ်မြမြသက်
(တရားလို) (တရားပြိုင်များ)

ပြည်မြို့နယ်၊ အမှတ်(၁၃/၁၃၅) အောင်ဆန်းအပိုင်း(၃)၊ ပြည်သာယာတွင်နေထိုင်သူ တရားပြိုင် ဦးဘညို (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ(၂၃)ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ် ပေးလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခင် လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဇင်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈-လမ်း၊ အမှတ်-၂၂(ပထမထပ်) (ယာဘက်ခန်း) အခန်းအမှတ် (၄)၊ (၁၅' x ၄၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို **ဦးမိုဟာမက်အီဆာ** (၁၂/မဂတ (နိုင်) ၀၈၃၃၈၈)၊ **ဒေါ်ဖာတမာဘီဘီ** (၁၂/မဂတ (နိုင်) ၀၆ရ၁၈၈)၊ **ဒေါ်သီတာဝင်း** (၁၂/မဂတ (နိုင်) ၀၆ရ၁၈၅) နှင့် **ဒေါ်နီလာဝင်း** (၁၂/မဂတ (နိုင်) ၀၀၈၃၈၈) တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်သူရ** (၃/ဖပန (နိုင်) ၀၃၇၉၅၁) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပန်းအိဖြူ (LL.B, C.B.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၂၈)**
အမှတ်-၃၃၊ (ဒုတိယထပ်၊) ဗိုလ်မြေလမ်း၊ ဗိုလ်မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၁၁၄၄၄၅၅၇၊ ၀၉၉၈၈၈၁၅၀၉၇၈

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ (၀.၀၅၅) ဧကရှိ ဒေါ်မြမြဝင်း၉/ ပမန(နိုင်)၀၀၁၉၄၁ (ဘ)ဦးမြမောင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၄၃၈)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၃၇၅/၂၀၂၂(၈-၁၁-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ဝင်းကြည် ၁၂/ဥကတ(နိုင်)၀၇၉၅၈၃ (ဘ)ဦးမြသိန်းမှ ဒေါ်အေးရတနာမြင့် ၁၂/မဂဒ(နိုင်)၁၃၅၅၉၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(C-၀၁၁)၊ မြေရေိယာ(၀.၉၉၄)ဧကရှိ ဦးဌေးအောင် (ဘ) ဦးဘကျော် ၁၂/စခန(နိုင်)၀၂၁၂၇၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက်ဖြစ်သူ ဦးဌေးအောင်(ဘ) ဦးဘကျော် ၁၂/စခန(နိုင်)၀၂၁၂၇၃ မှ ဒေါ်ဖြူဖြူအေး (ဘ)ဦးတင်မြ ၇/ဒဥန(နိုင်)၀၈၅၄၄၆၊ ဒေါ်နီနီအေး (ဘ) ဦးတင်မြ ၇/ပခန(နိုင်)၁၉၂၈၆၂၊ ဦးမြမင်းလွင်(ဘ)ဦးတင်မြ ၇/ဒဥန(နိုင်)၀၈၅၄၄၇၊ ဒေါ်ခိုင်သဇင်(ဘ)ဦးတင်မြ ၇/ဒဥန(နိုင်)၁၂၁၀၈၆တို့နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/23950, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၁၄/ဘကလ(နိုင်)၂၇၅၄၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ ၁၄ လမ်းအနောက်၊ အမှတ်- ၇၆ က+ ခ၊ ပေ ၄၀ x ပေ ၆၀ မြေကွက်ပေါ်ရှိ ၂ ခန်းတွဲ ၆ ထပ် အဆောက်အအုံ၏ စတုတ္ထထပ်၊ ၅ လွှာ (ခေါင်းရင်းခန်း)၊ ၁၇ ပေ x ၅၄ ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသူ ဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်ဆုနွယ်ဝင်း ၁၂/သကတ(နိုင်)၁၉၀၈၀၉ က ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဗိုအောင်ကျော် ၇/ပတထ(နိုင်)၁၁၁၆၅၂ နှင့် ဒေါ်စန္ဒီတင်ဆန်း ၁၂/သကတ(နိုင်)၁၇၀၂၅၈ တို့က အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဗိုအောင်ကျော် နှင့် ဒေါ်စန္ဒီတင်ဆန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေရေိယာ (၀ ဒသမ ၀၆၂) ဧက၊ မြေကွက်အမှတ်(ဥသ-၄၀၉၀)၊ ဒေါ်အေးမိုး ၁၂/ဥကမ(နိုင်)၀၃၆၀၅၄ (ဘ) ဦးမောင်ကို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးမိုး ၁၂/ဥကမ(နိုင်) ၀၃၆၀၅၄ (ဘ) ဦးမောင်ကိုမှ ဦးစိုးထက်အောင် ၈/ခမန(နိုင်)၀၁၃၀၂၄ (ဘ) ဦးအောင်ကြည် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေရေိယာ (၀ ဒသမ ၁၁၉) ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၁၇)၊ ဒေါ်ခင်တိုးမြင့် ၅/ထခန(နိုင်)၀၂၅၀၄၁(ဘ)ဦးစံထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်တိုးမြင့် ၅/ထခန(နိုင်) ၀၂၅၀၄၁ (ဘ) ဦးစံထွန်းမှ ဒေါ်ခင်နွဲ့ရီ ၅/ကသန(နိုင်)၀၁၁၃၀၃ (ဘ)ဦးမြမောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

ဒေါ်ဌေးဌေးဝင်း နှင့် ဦးကြည်လွင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ဘောလုံးကွင်း၊ တံတားလမ်း၊ အမှတ်(၈၁၄)နေ ဦးကြည်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ဌေးဌေးဝင်းက "ပဋိညာဉ်အတိုင်းအိမ်နှင့် မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်-၈ (၄-လွှာ/ခြေရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂' x ၅၀') ပေရှိ တိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်ပြီး အဆိုပါတိုက်ခန်းကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အိမ့်ခြူးမေ(ခ) ဒေါ်အိမ့်ခြူးခြူးစံ ၁၂/စခန(နိုင်) ၀၈၇၆၅၉ ထံမှ ကျွန်မ ဒေါ်အေးသီတာ ၇/မလန (နိုင်) ၀၇၅၃၆၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသီတာ**
**အမှတ်-၈ (၄ လွှာ/ခြေရင်းခန်း)၊ ဒေါနလမ်း၊**
**ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉-၄၂၉၉၄၂၉၆၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ အုပ်ကြီးကျေးရွာအုပ်စု၊ ယာရှည်ကျေးရွာ ဦးဝင်းတင့် - ဒေါ်တုတ် တို့၏သား မောင်လှမျိုးကိုကို ၉/မလန(နိုင်)၁၇၃၃၃၅ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သော ကိစ္စအဝဝကို ဆောင်ရွက်သွားပါသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သည့် မည်သို့သောကိစ္စကိုမဆို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးဝင်းတင့် - ဒေါ်တုတ်**

## ကန့်ကွက်နိုင်ပါသည်

MOGOK KING Company Limited တွင် ယခင်က Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်လင်း (၉/ညဥန(နိုင်)၁၆၅၂၉၆) သည် Director ရာထူးဖြင့် ဆက်လက်တာဝန် ထမ်းဆောင်မည်ဖြစ်ပါသဖြင့် ဒေါ်သန္တာစိုး ၉/မကန(နိုင်)၁၁၂၅၅၂ မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်သန္တာစိုးမှ MOGOK KING Company Limited of Managing Director အဖြစ် တာဝန်ယူဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၄၀၀၄)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဒေါ်ရွှေသဲ (ဘ) ဦးထွန်းရှင် ၉/လဝန(နိုင်)၁၃၈၃၃၁ အမည်ပေါက် နှစ်(၃၀) မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်ကြည် (ဘ) ဦးညွှန့် ၁၂/ဥကမ(နိုင်)၀၅၉၃၇၄နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ (၀ ဒသမ ၁၁၀) ဧကရှိ ဒေါ်အေးနု ၁၁/စတန (နိုင်)၀၃၁၆၇၄ (ဘ) ဦးရွှေညာဦး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၄၁၁)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၅၄၉/၂၀၂၂(၁၉-၉-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ရွှေရည်လင်း ၉/ခမစ (နိုင်)၀၁၆၈၈၉ (ဘ) ဦးသန်းစိန်မှ ဒေါ်လဲ့လဲ့အေး ၉/မခန(နိုင်)၁၅၉၃၈၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၆/ဒ/၁၇ ရပ်ကွက်၊ စေတနာလမ်း၊ အိမ်အမှတ်(၂၀၃/က)ဟုခေါ်တွင်သော စည်ပင်ပါမစ် အမည်ပေါက်(ဒေါ်လုံ)အမည်ဖြင့်ပြီး အကျယ်အဝန်း အလျား ၂၀ ပေx အနံ ၆၀ ပေရှိသော အိမ်ခြံမြေကွက်အား စပ်ဆက်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ကျင်သန်း၊ ၁၂/လမန(နိုင်)၁၉၄၈၇၄ မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြန်လည်ရောင်းချလိုကြောင်း ပြောဆိုလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးသူရိန်ဖြိုး ၁၂/လမန (နိုင်)၁၇၄၄၈၁ မှ အထက်ပါအိမ်ခြံမြေအား ဝယ်ယူလိုသည့်အတွက် စရန်တစ်စိတ်တစ်ဒေသ ချထားပြီးဖြစ်ရာ ၎င်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ရှေ့နေထံသို့ လာရောက်ကန့်ကွက်လို့ရပါကြောင်း၊ ထိုသို့ကန့်ကွက်လိုခြင်းများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးသူရိန်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သိမ့်သိမ့်အေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၇၁၈၆(၂၇-၁-၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ၊ (၈)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၅၅၇၂၅၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၄၅၅/ခ)၊ အတိုင်းအတာ (၂၀' x ၆၀') မြေကွက်တည်နေရာ အမှတ် (၄၅၅/ခ)၊ ဦးအောင်ဇေယျ(၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ဦးတင်ငွေ (SIN-၀၀၅၂၁၈) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် (ခင်ပွန်း)ကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ဇနီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်း ထောက်ခံချက်၊ ဦးတင်ငွေ၏ သေဆုံးမှုလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းတို့တင်ပြ၍ ဒေါ်လှမြင့် ၁၂/ဒလန(နိုင်)၀၁၇၄၇၂ မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၆)၊ မြေဧရိယာ (၀ ဒသမ ဝ၅၂) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားနိုင်ရေး ဒေါ်ကဥ္စနဌေးအောင် (ပါ-၂)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၇၈၁၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထွန်း ၉/တကန(နိုင်)၁၉၉၄၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဟ/၅၁၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ရွှေ ၁၂/လမတ (နိုင်) ၀၀၃၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ ပါမစ်မြေကွက်အမှတ်(၂၀၂၄)၊ ဦးထန်ကျဲ အမည်ပေါက် ပေ ၄၀ x ပေ ၆၀ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သော ဦးမင်းဆွေ ၇/သကန(နိုင်) ၀၀၁၅၁၆ ထံမှ ၁၉- ၃-၂၀၂၆ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ် ဖြင့် ဦးဖိုးလပြည့် (၁၄/လပတ(နိုင်)၁၄၈၇၄၇)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ် ပြုလုပ်သော မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤမြေကွက်အရောင်းအဝယ်ကိစ္စကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်း အထက်တန်းရှေ့နေ(စဉ်-၃၈၆၅၄)**
**အမှတ်(၈၈၉)၊ သုမိတ္တာ(၂၃)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၈၃၂၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၈၉၇/က)၊ ဧရိယာ(၂၀ ပေx ၆၀ပေ)ရှိ ဦးညွှန့်ဝင်း ၁၂/လကန(နိုင်)၀၃၃၁၄၉ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်အေးမြတ်သူ(၁၂/လကန (နိုင်)၂၀၆၇၃၀ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၄) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၆၂)** | **(စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၇၇၇/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၅၅)၊ ရန်ပြေ (၁၅) လမ်း အရှေ့၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစောမောင် ၁၂/သကတ (နိုင်)၀၄၅၀၀၆၊ ဒေါ်စန်းစန်း ၁၂/သကတ(နိုင်)၀၄၂၀၅၆ အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဦးခင်မောင်ဆွေ၊ ဒေါ်သန်းသန်းအေးတို့မှ တရားလိုပြုလုပ်၍ ဦးစောမောင်၊ ဒေါ်စန်းစန်းတို့အား တရားပြိုင်ထားကာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၃/၂၀၂၀ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ၉-၇-၂၀၂၀ ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၈၄/၂၀၂၅ ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၄-၉-၂၀၂၅ရက်စွဲပါ တရားရုံးနေ့စဉ် တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆို နိုင်ရန်အတွက် ဗိုလ်တထောင်ခရိုင်တရားရုံး၊ ဒုတိယဦးစီးမှူး ဒေါ်မြသဥ္ဇာကျော် ၅/ကလတ(နိုင်)၂၁၆၄၈၃ အား ခန့်အပ်သည့်ဌာနသို့အကြောင်းကြားသည့်စာ၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်းတို့ တင်ပြ၍ တရားရုံး ဘိလစ်ဒေါ်မြသဥ္ဇာကျော်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာမြို့ကွက်သစ်၊ မြတ်ရတနာအိမ်ရာ စီမံကိန်း အပိုင်း(၅)၊ မြေကွက်အမှတ်(၃၉၁)၊ မြေချပါမစ်မြေကွက်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေအကျယ်(၄၀ ပေx ၆၀ ပေ)ရှိ ဦးမောင်သက် ၈/ဆဖန(နိုင်)၀၀၀၆၁၈ အမည်ပေါက်လျက်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်အိအိငြိမ်း ၁၂/တမန(နိုင်)၀၉၅၂၁၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ် ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)**
**အမှတ်-၁၇/၂၁၊ ၃၅-လမ်း(အောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၅၀၀၉၁၆၇ ၊ ၀၉-၇၉၅၀၀၉၁၆၇**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၄၉)နေ ဦးသိန်းလွင် ၁၃/တကန(နိုင်)၀၆၅၉၃၇ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်သည် ၂၀၁၈ခုနှစ်အတွင်းကစ၍ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းတွင်တည်ရှိသော ဟုတ်ကြန့်ဘုရားကျောင်းခန်းမ (တာဝန်ခံ)အဖြစ်လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ကျော်က ဘုရားကျောင်း ခန်းမအစောင့်အဖြစ်လုပ်ကိုင်ခဲ့သူ (ဘ) ဦးမြင့်၏ သား ဦးတင်စိန် (ခ) ဦးမောင်စိန် ၁၃/တကန(နိုင်)၀၁၃၀၆၉ သည် ကျွန်တော်တို့ ဂေါပကအဖွဲ့ထံ အသိပေးခြင်းမပြုဘဲ မိမိ၏သဘောဆန္ဒအရ ၃-၄-၂၀၂၆ရက်တွင် လုပ်ငန်းမှ ထွက်သွားခဲ့ပါသည်။ ထို့ကြောင့် ဘုရားကျောင်းခန်းမ(တာဝန်ခံ)ဖြစ်သူ ကျွန်တော်သိရှိခြင်းမရှိဘဲ မည်သူမဆို ဦးတင်စိန် (ခ) ဦးမောင်စိန်ထံသို့ ပွဲလမ်းသဘင်များကျင်းပရေးအတွက် ခန်းမငှားရမ်းမှုပြုရန်စာရင်းပေးထားခြင်း၊ စရန်ငွေများ ပေးသွင်းထားခြင်းများရှိပါက ကျွန်တော်တို့ ဟုတ်ကြန့်ဘုရားကျောင်းခန်းမ ဂေါပကအဖွဲ့ဝင်များနှင့် သက်ဆိုင်မှုမရှိဘဲ ဦးတင်စိန်(ခ) ဦးမောင်စိန်နှင့်သာ သက်ဆိုင်ပါကြောင်း၊ ဦးတင်စိန် (ခ) ဦးမောင်စိန်ကိုလည်း ကျွန်တော်တို့ ဂေါပကအဖွဲ့မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလွင်**
**ဖုန်း-၀၉-၅၂၁၀၂၁၅**

## ဦးအောင်မြင့်ကျော် (၁၂/ကမရ(နိုင်)၀၄၉၈၀၆) နှင့်ပတ်သက်၍ ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ်(၄)လမ်း၊ အမှတ်(၉၈)နေ ဒေါ်မြတ်ဖြူသွင် ၇/သဝတ(နိုင်)၀၇၉၆၁၄ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ဦးအောင်မြင့်ကျော်(ဘ)ဦးကျော်ထွန်း ၁၂/ကမရ(နိုင်)၀၄၉၈၀၆နှင့် ဒေါ်မြတ်ဖြူသွင်တို့သည် ၂၅-၁၁-၂၀၀၅ရက်က ထိမ်းမြားလက်ထပ်ပေါင်းသင်း နေထိုင်ခဲ့ကြပြီး ဦးအောင်မြင့်ကျော်သည် ကိုယ်ထိလက်ရောက် အကြိမ်ကြိမ် ကျူးလွန်ခဲ့၍ ဒေါ်မြတ်ဖြူသွင်မှ မိဘများနေအိမ်သို့ ပြောင်းရွှေ့ခဲ့ရာ ၁၄-၁၀-၂၀၁၀မှစ၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းတစ်စုံတစ်ရာမရှိတော့ပါ။ ဒေါ်မြတ်ဖြူသွင်မှ ဦးအောင်မြင့်ကျော်အား တရားဝင်ကွာရှင်းစာချုပ် ချုပ်ဆိုပေးရန် ကြားလူများဖြင့် အကြောင်းကြားရာတွင်လည်း ပြုလုပ်ဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် နှစ်ဦးသဘောတူ လင်မယားကွာရှင်းခြင်းစာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ (၁၀)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးမိုးအေး (စဉ်-၇၄၅၂)၊ ဒေါ်စုလှိုင်ထွေး(စဉ်-၁၇၂၅၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၄၇/၅၀)၊ အခန်း(၁)၊ မြေညီထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၅၃၄၁၄၊ ၀၉-၄၂၄၆၈၃၈၅၂၊ ၀၉-၄၂၁၀၂၉၇၁၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်မြို့နယ်)အမှတ် ၆၈၂/က၊ အမှတ်(၂၀)ရပ်ကွက်၊ အနော်ရထာလမ်းနေ ကျွန်တော် ဦးစောစိန် ၁၄/ ပသန (နိုင်)၁၄၈၂၉၉ နှင့် ကျွန်မ ဒေါ်လှကျင် ၁၄/ပသန(နိုင်)၀၂၉၆၀၅တို့၏သား ကိုဇေယျာထွန်း ၁၄/ပသန(နိုင်)၁၇၀၆၄၄ သည် မိဘအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြီး မိဘအပေါ် အကြိမ်များစွာ ဒုက္ခမျိုးစုံပေးနေသည့်အတွက် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောစိန်-ဒေါ်လှကျင်**
**(မိဘများ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8568 Toyota Mark II JZX110, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်ဖြိုး ၁၂/မဂဒ(နိုင်)၁၃၀၀၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/8512 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၄/ပစလ(နိုင်)၁၀၅၅၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၅ လမ်း၊ အမှတ်(၁၁)၊ (၆) လွှာ (A) နေ ဒေါ်နန်းအိမ့်တြာ (ဘ) ဦးမျိုးလွင် ၁၂/ဒဂရ (နိုင်) ၀၄၀၀၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်နန်းအိမ့်တြာမှာ အင်တာနက်လူမှုကွန်ရက်ဖြစ်သော Facebook တွင် Nang Eaint Tyar နှင့် Mirabelle အမည်များဖြင့် သုံးစွဲနေသူတစ်ဦးဖြစ်ပါသည်။ ဒေါ်နန်းအိမ့်တြာ၏ လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းခွင်ကိစ္စရပ်များနှင့် ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း ပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook,Tiktok,Instagram,Viber, Telegram, Youtube အစရှိသော Online app များတွင် စိတ်အနှောင့်အယှက်ဖြစ်စေသော ဂုဏ်သိက္ခာကျဆင်းစေမည့် စကားလုံးများ၊ ကိုယ်ကျင့်တရားများ ထိပါးစော်ကားပြီး ထိခိုက်နစ်နာစေသည့် စကားလုံးများနှင့် ရိုင်းစိုင်းသောအပြုအမူ၊ အပြောအဆို အရေးအသားများကို Comment,messengerတို့တွင် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပြောဆိုရေးသားခြင်း၊ တဆင့်ပြန်လည်မျှဝေခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေခြင်းများတွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းအိမ့်တြာမှ တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်းဖြင့်သော်လည်းကောင်း၊တရားမကြောင်းဖြင့်သော် လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်နန်းအိမ့်တြာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခိုင်သဇင်လမင်းဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၅၀၃)**
**အမှတ် (၄၂၆)၊ ဝေဠုဝန်လမ်း (၃) ရပ်ကွက်၊ မြောင်းမြမြို့၊ ဖုန်း - ၀၉-၆၉၁၃၅၉၃၅၅**

## ဒေါ်တင်တင်လှ (၁၂/လသန(နိုင်)၀၀၇၃၆၉) နှင့် သက်ဆိုင်သူများသိစေရန်

ကျွန်ုပ်ဦးထွန်းလှ ၁၂/ပဇတ(နိုင်)၀၁၈၇၅၂ သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ငါးပြေမကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀၉) ငါးပြေမအောက်ကွင်း၊ ဦးပိုင်အမှတ် (၃၆/ဃ)၊ ဧရိယာ (၂ ဒသမ ၇၄) ဧကရှိ ဒေါ်တင်တင်လှအမည်ဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇) ထွက်ရှိထားသော လယ်မြေအား ၁၅-၉-၂၀၁၇ရက်ကတည်းက သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်၌ အရောင်းအဝယ်စာချုပ်ပြုလုပ် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်တင်တင်လှသည် အရောင်းအဝယ် သဘောတူညီချက်စာချုပ်ပါအတိုင်း သက်ဆိုင်ရာဌာနများသို့ လူကိုယ်တိုင် လိုက်လံဆောင်ရွက်ပေးရန် တောင်းဆိုခြင်းကို အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်နေပါသည်။ ထို့ကြောင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်တော် ဦးထွန်းလှထံဆက်သွယ်၍ သက်ဆိုင်ရာမြေစာရင်းရုံး၌ ဆောင်ရွက်ပေးရန်ရှိသည် များကို လိုက်လံလက်မှတ်ရေးထိုးဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါ သည်။

**ဦးထွန်းလှ ၁၂/ပဇတ(နိုင်)၀၁၈၇၅၂**
**အမှတ်-၁၂၊ ဇီဇဝါလမ်း၊ (၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၂၀၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာ စက်မှုဇုန် (တတိယအဆင့်)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/တိုးချဲ့)၊ လူနေဇုန်ရှိ မြေကွက်အမှတ် (၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁) မြေကွက် (၁၄) ကွက်တို့အား ရှင်သန်စေကုမ္ပဏီ (မှတ်ပုံတင်အမှတ် - ၁၁၃၃၇၅၀၂၇) အမည်ဖြင့် မြေချပါမစ် (၁၄) စောင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀) ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၁၅၅၈/က ဟု အမည်တွင်သည့် ဒေါ်စန်းမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်း အလျားပေ ၆၀' x အနံပေ ၂၀ မြေကွက်နှင့် ယင်းမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်လက်ရှိထားပိုင်ဆိုင်သူ ဦးရာမူဒူလာ ၁၂/သဃက(နိုင်)၁၅၂၄၆၄ မှ မိမိသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေဝယ်ယူထားရှိပြီး ဖြစ်ပါသည်။ သို့ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မီမီအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၇၆)**
**အမှတ် (၉၉၂)၊ ရာကျော်လမ်း၊ (၁၀၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၁၃၀၈၄၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၆၇၆)၊ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြေကွက်အမှတ် (၆၇၇)နှင့်ကပ်လျက်ဘက်ခြမ်းတွင်ရှိသော (၂၀x ၆၀)ပေ အကျယ်အဝန်းရှိ ဦးထက်အောင် ၁၂/လမတ(နိုင်)၀၂၅၂၈၂ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအံ့ဖွယ်ထွန်း ၁၂/တကန(နိုင်) ၁၇၆၂၁၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိစိုး (စဉ် - ၁၄၆၃၀)** | **ဒေါ်နှင်းသီရိ (စဉ် - ၁၉၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၀၂) ၊ အကောက်ခွန် (၄)လမ်း ၊ ၃၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၇၈၇၅၉၉၂၇ ၊ ၀၉- ၇၉၅၇၇၂၆၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ်(၅၆၅)၊ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက် အတွင်းမှ မြေကွက်အမှတ် (၅၆၄)နှင့်ကပ်လျက်ဘက်ခြမ်းတွင်ရှိသော ပေ (၂၀x ၆၀) အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်စန်း(BSN/W ၁၈၆၈၈၁) အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မေလင်းစိုး ၁၂/အစန(နိုင်)၂၂၈၁၃၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိစိုး (စဉ်-၁၄၆၃၀)** | **ဒေါ်နှင်းသီရိ (စဉ်-၁၉၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၀၂) ၊ အကောက်ခွန်(၄)လမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၇၈၇၅၉၉၂၇ ၊ ၀၉-၇၉၅၇၇၂၆၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၇၇ယ/၁၃၁၈၆, Canda-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေဇင်ဝင်း ၉/ပမန(နိုင်)၂၈၆၅၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/66757 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်မိုးလွင် ၁၃/တကန(နိုင်)၀၁၄၈၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/78718 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၉/နထက (နိုင်) ၁၃၈၅၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ခင်မြအေး ၇/ဖမန(နိုင်)၀၆၈၂၉၃ (ဘ)ဦးအုန်းဖေ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၇၃၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၄၆/၂၀၂၃ (၁၄-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စိုးမြတ်ဝင်း ၇/တငန(နိုင်)၁၂၃၃၄၄ (ဘ)ဦးကျော်ဝေမှ ဒေါ်တင်တင်နိုင် ၉/မနမ(နိုင်)၀၀၀၀၁၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၇၁၄)၊ မြေရေိယာ (၀ ဒသမ ၁၄၆) ဧကရှိ ဦးအောင်နိုင်ဆွေ (ဘ) ဦးတင်မောင်ဆွေ ၃/ဘအန(နိုင်) ၀၁၀၀၆၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးအောင်နိုင်ဆွေ(တရားရှုံး) ကိုယ်စား လယ်ဝေးခရိုင် တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဒေါ်သီရိကေခိုင်စိုး (ဘ)ဦးစိုးခိုင်၊ ၉/ပမန(နိုင်)၂၆၉၅၇၀ မှ ဒေါ်အေးအေးခိုင် (ဘ) ဦးအိမ်ယွန်း ၅/ခတန(နိုင်)၀၀၀၈၂၇ နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်မူရင်း၊ လယ်ဝေးခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ် ၄/၂၀၂၅၊ တရားမဇာရီမှုအမှတ် ၂၀/၂၀၂၅ တို့တင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၇၈)၊ ဧရိယာ (၀ ဒသမ ၀၈၂) ဧကရှိ ဦးလှိုင်ဇာမင်း (ဘ) ဦးဝင်းနောင် ၉/ပမန(နိုင်)၁၈၃၁၄၈ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသိန်းသန်းမောင် (ဘ) ဦးဝင်းမောင် ၁၃/တခလ(နိုင်)၀၀၂၀၉၉၊ ဒေါ်စန်းသီတာနိုင် (ဘ) ဦးအောင်နိုင် ၁၂/ပဇတ(နိုင်)၀၀၉၇၇၂နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့ ၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၅၆၄)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဦးမြင့်လွင် အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်အိခိုင် ၉/ပမန(နိုင်)၂၆၁၅၁၄ မှ မြေပေးမိန့်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့ ၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် (၅၀၅/၁၀၀၄၊ ၅၃၁/ ၁၀၁၄)၊ ဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိ ဦးလှအောင်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဇနီးဖြစ်သူ ဒေါ်မြသိန်း ၇/ပတန(နိုင်)၀၀၈၆၁၃ မှ မြေငှားစာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာအမှတ်(၀၅၈/၂၀၂၆)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရ သီရိအလယ်ရပ်၊ မြေရေိယာ (၀ ဒသမ ၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၄၈၃-ဘီ)၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်စောမို့မို့အောင် ၈/ရနခ(နိုင်)၀၀၈၀၈၄ (ဘ) ဦးအောင်မြင့် မှ ၆-၄-၂၀၂၆ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်တင်ပြ၍ ဒေါ်ယဉ်မင်းထွန်း ၁၂/လကန(နိုင်)၁၄၃၃၃၇ (ဘ) ဦးခင်မြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၊၄-လမ်း၊ရွှေတံခါးရပ်ကွက် နေ မောင်ရာဂျူး(ခ)ဦးအောင်လွင် ၇/ပမန(နိုင်)၀၀၈၅၅၆ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း

**မောင်ရာဂျူး(ခ)ဦးအောင်လွင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လဘန်ကော့ဖန် ၁/မကန(နိုင်)၀၆၉၂၄၁ ၏ ပတ်စ်ပို့ နံပါတ် (MF-869707) မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၅၇၄၉၁၉၅၉**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြစ်ကြီးနား စတား ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-6 မှ မခိုင်ကြည်ဦး ၏ ဖခင်အမည်မှန်မှာ ဦးမိုးအောင် ၁/မမန(နိုင်) ၀၃၉၉၉၄ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/9461 Toyota Caldina ST210, S/W (4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ဝင်း မောင် ၁၂/သခန(နိုင်)၀၄၉၀၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ်(၇၇၈)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဦးစိုးမြင့် ၇/ပတန(နိုင်)၀၀၈၆၁၄ အမည်ပေါက်ပါမစ် မြေကွက်အား ဇနီးဖြစ်သူ ဒေါ်လှလှဝင်း ၇/ပတန(နိုင်)၀၀၈၆၁၅ မှ မြေပေးမိန့်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာအမှတ် (၀၅၆/၂၀၂၆)၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ ရန်နိုင် ကွန်ဒို၊ Pent House တွင် ရုံးခန်းဖွင့်လှစ်ထားသော သက်သစ္စာကုမ္ပဏီ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

သက်သစ္စာ ကုမ္ပဏီသည် ၄-၁-၂၀၁၈ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းအမှတ်(၁၃၀)၊ မြေကွက်အမှတ်- ၁၂၄၅၊ အလျား ၄၀ပေx အနံ ပေ ၆၀ အကျယ်ရှိသော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အား ရောင်းချသူထံမှ မြေပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများနှင့် မြေအား တရားဝင် လက်ဝယ်ရရှိ၍ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**သက်သစ္စာကုမ္ပဏီလီမိတက်**

**ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမြင့်**
**အထက်တန်းရှေ့နေ (စဉ်-၇၅၂၆)**
**အမှတ်-၁၁၁/၇ လမ်း၊ (၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၀၂၁၅၁**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ (၁၆၅) လမ်း၊ အမှတ်(၃၆)ဟုခေါ်တွင် သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှပ်-ဝဲဘက်)၊ အကျယ်အဝန်း (၁၆ ပေX ၆၅ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို မိမိပိုင်မြေကွက်ပေါ်တွင် ကိုယ်တိုင် ဆောက်လုပ်ထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင် ထားကာ ရောင်းချပိုင်ခွင့်ရှိ သည်ဟု အဆိုပြုကမ်းလှမ်းလာသူ Tun Tun Win Construction ကန်ထရိုက်တာ ဦးမာမက် အီစမိုင် ၁၂/တမန(နိုင်) ၀၀၁၀၆၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နွဲ့နွဲ့ဝင်း ၅/တဆန(နိုင်) ၁၂၇၉၄၉ က အပြီးအပိုင်ဝယ်ယူ ရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊**
**၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၈၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆)၊ အောင်ရတနာ(၆)လမ်း၊ မြေကွက်အမှတ်(၅၁)၊ မြေအမျိုးအစား ပါမစ်မြေ၊ မြေအကျယ်အဝန်း(၃၅ ပေ x ပေ ၅၀)ရှိ မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း (၁၇ ၁/၂ပေ x ပေ၅၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အုံးမြင့် (NTN-၀၀၈၀၀၈)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိ ပြုသူ ဦးပန်းမောင် ၉/မသန(နိုင်)၁၀၅၆၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်မိုမို ၁၃/တကန(နိုင်)၁၅၀၅၃၃ က အပြီးအပိုင် လက်ရောက် ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၉) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့် တိုင် လာရောက် ကန့်ကွက်မှု များမရှိပါက ဤအိမ်ခြံမြေ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဆုမြတ်မိုမို ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၃၇၆၇၉ Kamax-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဇော် ၈/ပခန(နိုင်) ၀၀၁၅၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/28596 ယာဉ်လက်ဝယ် ရှိသူ ဒေါ်မြင့်မြင့် ဝင်း ၉/စကတ(နိုင်)၀၇၀၃၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ထိုက် ၉/ကပတ(နိုင်) ၁၅၆၄၃၃ ပိုင်ဆိုင်သော FF/2829 ၏ CNG သုံးစွဲခွင့် ကတ်ပြားအနီ ပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဖုန်း-၀၉-၄၅၀၄၁၅၂၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၇/၄၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၁၂၅/၁)၊ မြေရေိယာ (၀ ဒသမ ၂၉၁) ဧကရှိ မြေကွက်သည် မူလက ဦးအုန်းဗဟာဒူး အမည်ဖြင့် ၃၀-၆-၂၀၂၃ရက်အထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးအုန်းဗဟာဒူးက ၁၇-၁၁-၂၀၂၅ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၃၁/၂၀၂၅)အရ မူလရေိယာ (၀ ဒသမ ၂၉၁) ဧက အနက် အလယ်တောင်ဘက်ခြမ်း မြေရေိယာ (၀ ဒသမ ၀၄၃) ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ကြည်ကြည်၊ ၁/မကတ(နိုင်) ၀၃၃၁၆၁ ထံသို့ အပြီးအပိုင်ရောင်းချခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဒေါ်ကြည်ကြည်အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၆က/၅၊ယုဇနရပ်)၊ ဦးပိုင်အမှတ်(၃၃/၁)၊ မြေရေိယာ (၀ ဒသမ ၀၉၂) ဧကရှိ မြေကွက်သည် မူလက ဒေါ်ဂျာရာ ၁/ကမန(နိုင်)၀၁၄၇၆၀ အမည်ဖြင့် အမှုတွဲအမှတ် ၂၀၈၉/V ၁၉၈၉-၁၉၉၀ အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀) မြေငှား ဂရန်ရရှိခဲ့ပါကြောင်း၊ ဂရန်ရှင်ဒေါ်ဂျာရာက ၁၈-၄-၂၀၀၄ ရက်စွဲပါနှစ်ဦး သဘောတူစာချုပ်အရ အဆိုပါမြေကွက်အား ဦးစိုးလင်းနိုင် ထံသို့ အပြီး အပိုင်ရောင်းချပေးခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါမြေငှားဂရန် မူရင်းမှာ မြစ်ရေ ကြီး၍ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့်မြေငှားဂရန်မိတ္တူမှန် အား ထုတ်ပေးနိုင်ပါရန် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးလင်းနိုင်က လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂၊ ကချင်စု တောင်ရပ်)၊ ဦးပိုင်အမှတ်(၉၃)၊ မြေရေိယာ (၀ ဒသမ ၁၁၀) ဧကရှိမြေကွက်သည် မူလက KYAN YIN SEIN အမည်ဖြင့် ၂၂-၃-၂၀၅၀ ရက်အထိ မြေငှားဂရန် သက် တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ KYAN YIN SEIN မှာ ၆-၈-၂၀၂၂ ရက်တွင်ကွယ်လွန်သွားခဲ့ပြီး၊ ၎င်း၏ဇနီးဖြစ်သူ LYAN PAU CHO(ခ)ဒေါ်လင်းပေါက်လျှိုမှ ၂၁-၁၁-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင် အမှတ်(၄၇၇/ ၂၀၂၅) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် LYAN PAU CHO(ခ) ဒေါ်လင်းပေါက်လျှိုထံမှ ဦးကျော်ဇောလင်းက ၁၇-၁၂-၂၀၂၅ ရက်စွဲပါ စာချုပ် မှတ်ပုံတင်အမှတ် (၄၆၈/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးကျော်ဇောလင်း ၁/မကန(နိုင်) ၂၅၀၆၀၈အမည်ဖြင့် အမည်ပြောင်း မြေငှား ဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာ ဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထား သူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာ အပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆၊ အုတ်ကျင်း အနောက်)၊ ဦးပိုင်အမှတ် (၁၂၆)၊ မြေရေိယာ (၀ ဒသမ ၁၈၄) ဧက အပိုင်းအား မူလက ဒေါ်ဂျပ်လုတောင် အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ လည်းကောင်း၊ ဦးပိုင်(၁၃၉)၊ မြေရေိယာ (၀ ဒသမ ၁၈၄) ဧကအပိုင်းအားဦးဂျာနော် အမည်ဖြင့် ၁၃-၈-၂၀၂၉ရက်အထိလည်းကောင်း အသီးသီးမြေငှားဂရန် သက်တမ်းရရှိ ထားသော မြေကွက်များဖြစ်ကြပြီး ဂရန်အမည်ပေါက်သူ ဒေါ်လုအောင်(ခ) ဂျပ်လုအောင် (ခ) ဂျပ်လုတောင်ထံမှ ဦးပိုင် (၁၂၆)၊ မြေရေိယာ (၀ ဒသမ ၁၈၄) ဧက အပိုင်းကို ၆-၂-၂၀၂၆ ရက်စွဲပါစာချုပ်မှတ်ပုံတင် အမှတ်(၀၄၄/ ၂၀၂၆)ဖြင့် လည်းကောင်း၊ ဦးပိုင်(၁၃၉)၊ မြေရေိယာ (၀ ဒသမ ၁၈၄) ဧက အပိုင်းအား ဂရန်အမည်ပေါက်သူ ဦးဂျာနော်မှာ ၂၅-၇-၂၀၂၄ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ ဇနီးဖြစ်သူ ဒေါ်လုအောင်မှ ၇-၁-၂၀၂၆ရက်စွဲပါ စာချုပ်မှတ်ပုံတင် အမှတ် (၀၀၄/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လုအောင် ထံမှ ၆-၂-၂၀၂၆ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၄၅/၂၀၂၆)ဖြင့်လည်းကောင်း ဦးဆန်အောင်အမည်ဖြင့် အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးပိုင်အမှတ် (၁၂၆+၁၃၉)၊ မြေရေိယာ (၀ ဒသမ ၃၆၈) ဧကရှိ မြေကွက်အား ယခုအခါ ဦးဆန်အောင် ၁/မကန(နိုင်)၁၃၆၆၈၅အမည်ဖြင့် ဦးပိုင်ပေါင်း၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ ပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာ၀ ပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပမှုများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲကြပုံများအနက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့မှ ကျင်းပမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်း Channel လေးခုမှ တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မည့်အပြင် အခြားနေရာအသီးသီးတွင် ကျင်းပမှုများကိုလည်း သတင်းနှင့် အစီအစဉ်များအဖြစ် ရယူထုတ်လွှင့်မည်ဖြစ်သည်။

မဟာသင်္ကြန်အကြိုနေ့ဖြစ်သော မေ ၁၃ ရက်တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် ဇဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို MRTV Parliament Channel မှ နံနက် ၉ နာရီနှင့် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို MRTV Farmers' Channel မှ နံနက် ၈ နာရီတို့တွင်လည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို MRTV NRC Channel မှ ညနေ ၅ နာရီနှင့် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို MRTV Entertainment Channel မှ နံနက် ၇ နာရီခွဲတွင် လည်းကောင်း၊ တစ်ဆက်တည်းကျင်းပကြမည့် အစီအစဉ်များကို လည်းကောင်း တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် ဆက်လက်ကျင်းပမည့် သင်္ကြန်အကျနေ့(မေ ၁၄ ရက်)၊ သင်္ကြန်အကြတ်နေ့ (မေ ၁၅ ရက်)နှင့် သင်္ကြန်အတက်နေ့ (မေ ၁၆ ရက်) တို့တွင်လည်း နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၃ နာရီမှ ည ၇ နာရီအထိ အဆိုပါ Channel လေးခုမှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါကျင်းပမှုများအပြင် အခြားနေရာအသီးသီးတွင် ကျင်းပမှုများကိုလည်း MRTV-HD နှင့် MRTV News Channel တို့မှ သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ် သတင်းနှင့် အစီအစဉ်များတွင် ရယူထည့်သွင်း၍ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်နှင့် သင်္ကန်းညိုနောင်မြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။ **(ယာပုံ)**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို

*စာမျက်နှာ ၅ ကော်လံ ၂* ✻





ဆယ်ကျော်သက်ကစားသမား အင်ဂူမိုဟာ လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူပြီး အောင်ပွဲခံနေစဉ်။

## ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူပြီး ရှုံးပွဲဆက်မှုချေဖျက်နိုင်ခဲ့သည့် လီဗာပူးအသင်း

ပရီမီယာလိဂ်ပွဲစဉ် (၃၂) မှ အသင်းကြီး လီဗာပူးနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်ကို မေ ၁၁ ရက် ညပိုင်းက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိပြီး ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❒

## မိုးညှင်းမြို့နယ်၌ ငွေကျပ် ၂၂၀၈ သိန်းနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁၄၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မိုးညှင်းမြို့နယ်၌ ငွေကျပ် ၂၂၀၈ သိန်းနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁၄၇ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ် နန့်လှိုင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဟိုပင်မြို့

*စာမျက်နှာ ၁၂ ကော်လံ ၅* ◆

### ယနေ့ ဖတ်စရာ

**ပြည်ပမှုတင်သွင်းသည့် စွမ်းအင်အပေါ် မှီခိုမှု တူကီယဲ လျှော့ချမည်**

နိုင်ငံတကာသတင်း စာ ၁၄





**တရုတ်တင်းနစ်မယ် ကျိန့်ချင်းဝမ် ဒဏ်ရာကြောင့် စတုဂတ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်**

နိုင်ငံတကာအားကစားမြင်ကွင်း စာ ၁၉